မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှု ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

စခန်းအမှတ်(၁) နွေစပါးစိုက်ပျိုးပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်ရှိ တနိုင်းတံတားသို့ ရောက်ရှိပြီး တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တံတားရေရှည်တည်တံ့အောင် ထိန်းသိမ်းရန် မှာကြား၍ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုသည်။

စာမျက်နှာ ၅ ကော်လံ ၃ ■

ထူးချွန်ထက်မြက်သည့် အတတ်ပညာရှင်များ မွေးထုတ်ပေးရာ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်

နေပြည်တော် ဇန်နဝါရီ ၁၇

နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်၏ ကုန်သွယ်စီးပွားဖွံ့ဖြိုးမှုတွင် များစွာအထောက်အကူပြုနိုင်သည့် အတတ်ပညာရပ်များတွင် ရေကြောင်းအတတ်ပညာရပ်မှာ တစ်ခုအပါအဝင် ဖြစ်သည်။

ဖွင့်လှစ်ပေးခဲ့

ထိုသို့ အရေးပါလှသည့် ရေကြောင်းအတတ်ပညာရပ်ကို နိုင်ငံတကာအဆင့်မီ သင်ကြားတတ်မြောက်စေရန်နှင့် နိုင်ငံတော်အတွင်း ရေကြောင်းဆိုင်ရာ အရာရှိများ၊ ရေကြောင်းအင်ဂျင်နီယာများ၊ ရေယာဉ်နှင့် သင်္ဘောတည်ဆောက်ရေးဆိုင်ရာ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်နိုင်ရန်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီလဝါ၌ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကို ဖွင့်လှစ်ပေးခဲ့ပြီး သစ်လွင်ခံ့ညားထည်ဝါသည့် ရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံကြီးကို ၂၀၀၄ခုနှစ် မတ် ၂၉ရက်က ဖွင့်လှစ်ပေးခဲ့သည်။

သင်ကြားပို့ချ

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ နိုင်ငံတကာ ရေကြောင်းတက္ကသိုလ်ကြီးများ၏ အင်္ဂါရပ်များနှင့်အညီ တည်ဆောက်ဖွင့်လှစ်ပေးထားခြင်း ဖြစ်သည်။ ဤတက္ကသိုလ်ကြီးတွင် ရေယာဉ်တည်ဆောက်ရေးအင်ဂျင်နီယာဘွဲ့၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့၊ ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာဘွဲ့၊ မြစ်ချောင်းများနှင့် သမုဒ္ဒရာအင်ဂျင်နီယာဘွဲ့၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ ဆိုသည့် အင်ဂျင်နီယာဘွဲ့သင်တန်းများအပြင် ရေကြောင်းသိပ္ပံဘွဲ့နှင့် ရေကြောင်းသိပ္ပံ(ဂုဏ်ထူး)ဘွဲ့ သင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။

ရေကြောင်းအတတ်ပညာ

ရေကြောင်းပညာတက္ကသိုလ်ကြီးက သင်ကြားပို့ချပေးမှုကြောင့် ညီရင်းအစ်ကို မောင်နှမများမှာ အဆင့်မြင့်ရေကြောင်းဆိုင်ရာ ပညာရပ်များကို သင်ကြားကြပြီး နိုင်ငံတော်က မျှော်မှန်းထားသည့် ထူးချွန်ထက်မြက်သည့် ရေကြောင်းဆိုင်ရာပညာရှင်များ၊ ဗိသုကာများ၊ အင်ဂျင်နီယာများ ပေါ်ထွက်ရုံမျှမက မြန်မာ့ရေကြောင်းအတတ်ပညာမှာ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပြီဖြစ်ရာ ပြည်တွင်း၌သာမက ကမ္ဘာအနှံ့ရှိ ရေကြောင်းဆိုင်ရာ လုပ်ငန်းနယ်ပယ်များ၌ပင် သွားရောက်လုပ်ကိုင်နိုင်ကြပြီ ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတင်းမှတ်စု
တင်မာဝင်းနှင့် အေးသန္တာသိန်း

ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ထူးခြားသည့် ညအပူချိန်

၁၇-၁-၂၀၁၀

ဟားခါးမြို့	၀ ဒီဂရီစင်တီဂရိတ်
မချမ်းဘောမြို့	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၅ ဒီဂရီစင်တီဂရိတ်

မြန်မာ့အလင်း

ယနေ့ထုတ် အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၈ရက်)

ဈေးကွက်ဝင်ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုကဏ္ဍသည် ပဓာနကျသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင် စက်မှုကဏ္ဍများ ဟန်ချက်ညီညီ တိုးတက်လာစေရန် နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိသည်။

ယင်းသို့ဖြည့်ဆည်းပေးရာတွင် သာဂရစက်မှုနယ်မြေ၌ ဆောက်လုပ်ရေးယန္တရားအတွက် လိုအပ်သည့် မြေထိုး၊ မြေတူးယန္တရားများကို သွင်းကုန် အစားထိုးထုတ်လုပ်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကတည်ဆောက်ရေးလုပ်ငန်းများ၌ ဆောက်လုပ်ရေး ယန္တရားများထုတ်လုပ်သည့်စက်ရုံ လိုအပ်လာရာ သာဂရစက်မှုနယ်မြေတွင် တည်ဆောက် အကောင်အထည်ဖော်ပေးလျက်ရှိသည်။

ယင်းစက်ရုံမှ မြေထိုး၊ မြေတူးစက်၊ သုံးတန်၊ ငါးတန်ဝန်ပင့်ယာဉ်များ ထုတ်လုပ်လျက်ရှိသည်။ အသေးစားမြေတူးစက်နှင့် တုန်ခါ လမ်းကြိတ်စက် ထုတ်လုပ်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။ စက်ရုံမှ တစ်နှစ်ကို မြေထိုးယန္တရားအစီးရေ ၁၀၀၊ မြေတူးယန္တရား တစ်နှစ်အစီးရေ ၁၀၀၊ သုံးတန်ဝန်ပင့် ယန္တရားများကို စွမ်းအားရှိသမျှ ထုတ်လုပ်လျက်ရှိသည်။

စက်ယန္တရားများအားလုံးသည် လက်တွေ့လုပ်ငန်းခွင်တွင် စွမ်းအားပြည့်အသုံးပြုနိုင်ပြီဖြစ်သည်။ ဆောက်လုပ်ရေးယန္တရားများ ထုတ်လုပ်သည့်စက်ရုံ (သာဂရ)မှ ထုတ်လုပ်နေသည့် မြေထိုးစက်သည် လက်ရှိလုပ်ငန်းခွင်များ၌အသုံးပြုနေသောမြေထိုးစက်များထက် ဈေးနှုန်းသက်သာပြီး ကြံ့ခိုင်မှုလည်း ပို၍ ကောင်းမွန်သည်။

မြေတူးယန္တရားတစ်ခုလုံးအလေးချိန်သည် ၂၂တန်ဖြစ်ပြီး မြင်းကောင်ရေအား ၁၅၀အသုံးပြုထားသည်။ တူးနိုင်သည့်မြေတူးပမာဏသည် တစ်ကြိမ်တူးလျှင် တစ်ကုဗမီတာဖြစ်၍ လုပ်ငန်းတွင်ကျယ်စွာ သုံးနိုင်သည်။ မြေတူးယန္တရားကိုလည်း လိုအပ်သည့်အရည်အသွေးစွမ်းအားများ ရှိမရှိ လက်တွေ့ စမ်းသပ်ထုတ်လုပ်ထားခြင်း ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန် ၁၈ဇုန်ကို ထူထောင်ပေးခဲ့သည်။ ၁၉၈၈တွင် နိုင်ငံတော်ပိုင်စက်ရုံ ၆၂၄ရုံ၊ ပုဂ္ဂလိကပိုင်စက်ရုံ ၃၅၀၀သာရှိခဲ့ရာမှ ယခုအခါ နိုင်ငံတော်ပိုင်စက်ရုံ ၇၆၈ရုံ၊ ပုဂ္ဂလိပိုင်စက်ရုံ ၁၁၈၀၀၀ အထိ ရှိလာခဲ့ပြီ ဖြစ်သည်။

ယနေ့ကာလတွင် စက်မှုဇုန်များသည် နိုင်ငံတော်ကို စက်မှုနိုင်ငံဖြစ်ပေါ်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိရာ စက်စွမ်းအား ပြည့်ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်ဝင် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် စက်မှုပိုင်းဆိုင်ရာ ပညာရှင်များက တီထွင်ကြံဆ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်ဆည်မြို့နယ် အလင်းပြမီးအိမ်ရှင် စာကြည့်တိုက်ဖွင့်ပွဲ

တိုင်းမှူးပိုလ်ချုပ်တင်ငွေ တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၁၇

ကျောက်ဆည်မြို့နယ် အင်တိုင်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ၊ အလင်းပြမီးအိမ်ရှင် စာကြည့်တိုက်ဖွင့်ပွဲနှင့် ကျောက်ဆည်မြို့ ကံဦးရပ်ကွက်၌ ကတ္တရာထပ်ပိုးလွှာခင်း လမ်းဖွင့်ပွဲ အခမ်းအနားများကို ဒီဇင်ဘာ ၂၂ရက်တွင် အဆိုပါ ကျေးရွာတို့၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းမှူးသည် ကျောက်ဆည်မြို့နယ် အင်တိုင်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ၌ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ (အောက်ပုံ) ထို့နောက် အဆိုပါ ကျေးရွာ၏ အလင်းပြမီးအိမ်ရှင် စာကြည့်တိုက်ဖွင့်ပွဲကို ဆက်လက် ကျင်းပရာ တိုင်းမှူးက စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးက ကျေးရွာ စာကြည့်တိုက်အတွက် အလှူငွေများ၊ သတင်းစာနှင့် စာအုပ်များကို ပေးအပ်လှူဒါန်းပြီး အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကံဦး ရပ်ကွက် နာရီစင်လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး တာဝန်ရှိသူတို့က လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လမ်းတစ်လျှောက် ဖြတ်သန်း၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကတ္တရာလမ်းသစ်ဖွင့်

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြလမ်း ချစ်ကြည်ရေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပရာ ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ် ရဲအောင်၊မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲမှူး ဇော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**လိမ္မာရည်ပြည့်ဝ နိဗ္ဗာန်ရ** တရားတော် (ဆရာတော် ဘဒ္ဒန္တကောဏ္ဍည)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၈:၃၀	Premier League Highlight (Match 22)
၈:၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၂၀	Activities in the City [အထက(၄)၊ သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ)]
၉:၃၅	Global Panorama
၁၀:၄၅	ရိုးမနှင့် ပင်လယ်ကြားအလှများ ကြွယ်တဲ့ **တောင်ကုတ်နယ်**
၁၀:၅၅	အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၁၁:၀၅	International Show Biz
၁၁:၂၅	ကျိုက္ကော် အထက မြတ်ဆရာပူဇော်ပွဲ
၁၁:၄၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (စကတ်အလှဆင်နည်း)
၁၂:၀၀	Activities in the City (Asia General Electric Co.,Ltd.)
၁၂:၁၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူဒို့အတူ (နွားမွေးမြူရေး)
၁၂:၂၅	စာအုပ်ပြခန်း (မိုးမင်းသားလေး ဖန်တီးသူ ဆရာလင်းစန်နှင့်တွေ့ဆုံခြင်း)
၁၂:၄၅	**သတိတစ်ချက် တစ်သက်အမှား** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊ (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁:၀၀	**လိမ္မာရည်ပြည့်ဝ နိဗ္ဗာန်ရ** တရားတော် (ဆရာတော် ဘဒ္ဒန္တကောဏ္ဍည)
၂:၀၀	MRTV-4 သတင်း
၂:၄၅	ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (စာရေးဆရာ ကြပ်ကလေး)
၃:၁၅	ရတနာစစ်တို့ရဲ့ ဘူမိနက်သန်
၃:၄၀	(၂၅)ကြိမ်မြောက် I.R ဘာသာရပ် မိသားစု မိတ်ဆုံစားပွဲနှင့် ဒုတိယ အကြိမ်မြောက် ဆရာကန်တော့ပွဲ အခမ်းအနား
၄:၀၅	မူဟန်ကိုယ်စီ တေးကိုသီ
၄:၂၀	Activities in the City [အထက(၄)၊ သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ)]
၄:၄၀	ဖန်တီးသူ၏ ပညာ စွမ်းမှသည်… လှပသောဘဝများဆီသို့
၅:၀၀	ကျိုက္ကော်အထက မြတ်ဆရာ ပူဇော်ပွဲ
၅:၂၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (စကတ်အလှဆင်နည်း)
၅:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	International Show Biz
၆:၄၀	အနုပညာမိုးကောင်းကင်
၇:၀၅	Mega Star Talk (ဇော်ဝင်းထွဋ်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၃)
၇:၃၅	စာအုပ်ပြခန်း (မိုးမင်းသားလေးဖန်တီးသူ ဆရာလင်းစန်နှင့် တွေ့ဆုံခြင်း)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (စာရေးဆရာ ကြပ်ကလေး)
၉:၀၀	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀:၀၀	အဝလွန်ရောဂါဆိုင်ရာအချက် အလက်များနှင့် သကြားအစားထိုး Sucralose (ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဒေါက်တာဝင်းထွန်း)
၁၀:၂၀	Mega Star Talk (ဇော်ဝင်းထွဋ်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၃)
၁၀:၅၀	(၂၅)ကြိမ်မြောက် I.R ဘာသာရပ် မိသားစု မိတ်ဆုံစားပွဲနှင့် ဒုတိယ အကြိမ်မြောက် ဆရာကန်တော့ပွဲ အခမ်းအနား
၁၁:၁၅	ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ ဗဟုသုတလေ့လာပါ Resource Centre မှာ
၁၁:၃၀	ရွှေဖြူ၏ အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ့်ရော်ဘာဆီသို့
၁၁:၄၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၈-၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၅	၇။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	မြန်မာစာမြန်မာစကား
၄:၃၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။	မျိုးချစ်တပ်မတော်
၅:၂၀	၇။	စိုက်ပျိုးသုတ
၅:၃၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၂။	လျှပ်တစ်ပြက်
၆:၄၀	၁၃။	သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၁၂)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	Talk of the Town
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၁၁)

18-1 (02).pmd 1 1/18/2010, 1:56 AM

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဖာပွန်မြို့နယ်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ

ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဇန်နဝါရီ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၂ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန (နှစ်ရှည်ပင်) သုတေသနမျိုးပွားခြံ(အင်္ဂဘို) ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ဆီအုန်းနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် သုတေသနမျိုးပွားခြံအတွင်း ဆီအုန်းပင်များ ပျိုးထောင်ထားရှိမှုနှင့် ဆီအုန်းစက်ရုံအတွင်း ဆီကြိတ်ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

လက်ဆောင်ပေးအပ်

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၃ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဖာပွန်မြို့သို့ရောက်ရှိပြီး နယ်မြေခံတပ်နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြား၍ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ဆေးစိမ်ခြင်ထောင်၊ အဝတ်အထည်များ၊ စားသောက်ကုန်များနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်စစ်ဆေးကာ ဆေးရုံတက်လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး၍ လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နယ်မြေခံတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားကာ အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ကျိုက်ဒုံမြို့သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားပြီး ပြည်နယ်ဥက္ကဋ္ဌက စားသောက်ကုန်များနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကာ ကျိုက်ဒုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလှူငွေပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ကျိုက်ဒုံတိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား အားပေးစကား ပြောကြားကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်၍ ဆေးပဒေသာပင်အလှူငွေများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကျိုက်ဒုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကွန်ပျူတာခန်း၊ သင်ကြားသင်ယူမှု အထောက်အကူပြု စာသင်ခန်း၊ စာကြည့်တိုက်နှင့် ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ယင်းမှတစ်ဆင့် မြဝတီမြို့ မြဝတီကုန်သွယ်ရေးဇုန်သို့ရောက်ရှိပြီး ကုန်သွယ်ရေးဇုန်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ တာဝန်ရှိသူတို့၏ လုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မြဝတီမြို့ အေးချမ်းဖြိုးရိပ်သာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားပြီး မြဝတီ-ကော့ကရိတ် လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ပြည်လုံးတွင် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၁၈ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

❒ *ကျောဖုံးမှ*

လေ့လာစူးစမ်း

ငြိမ်နေသည့်သဏ္ဌာန်ပေါက်သော ကလာပ်စည်းများကို လေ့လာစူးစမ်းခြင်းမှာ ယခုအခါ ပထမဆုံးဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာ့စံတော်ချိန် ဇုန်တစ်ခုမှ အလွန်ခြားနားသော ဇုန်တစ်ခုသို့ ဂျက်လေယာဉ်ဖြင့် ရုတ်ခြည်းကူးရောက်ရာတွင် ကိုယ်တွင်းဇီဝနာရီက အလိုက်သင့် လိုက်မမီသဖြင့် ခံစားရသော ကိုယ်လက်ပင်ပန်းမှုကို ဖြေဖျောက်ရန် ဤတွေ့ရှိချက်က လမ်းဖွင့်ပေးနိုင်မည်ဟု မျှော်လင့်ရသည်။ ။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ပထမဆုရ ရတနာပုံ အသင်းအား ဆုဖလားချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရန်ကုန်ယူနိုက်တက် အနိုင်ရသော်လည်း ရတနာပုံအောင်ပွဲခံခဲ့တဲ့ MNLနောက်ဆုံးပွဲစဉ်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၁၇

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်းမှာ ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိသွားပါတယ်။

ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး
ရတနာပုံ - ဂိုးမရှိ

အခုပွဲမတိုင်မီမှာဘဲ ချန်ပီယံဆုရရှိထားတဲ့ ရတနာပုံအသင်းနဲ့ စတုတ္ထနေရာ ရရှိထားတဲ့ ရန်ကုန်ယူနိုက်တက်အသင်းတို့အတွက် အခုပွဲရလဒ်ဟာ အရေးမပါတော့ပေမယ့် ဂုဏ်သိက္ခာပိုင်းအရ နှစ်သင်းစလုံး အနိုင်ရဖို့ကြိုးစားခဲ့ကြပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းကတော့ အခုပွဲ အနိုင်ရဖို့ သေချာပြင်ဆင်ထားခဲ့ပြီး ပြီးခဲ့တဲ့ ဥဿာယူနိုက်တက်နဲ့ပွဲကတည်းက အမာခံ ကစားသမားတွေဖြစ်တဲ့ ကိုနေ၊ ဟန်ဆန်၊ ငွေအောင်စတဲ့ကစားသမားတွေကို အနားပေးထားခဲ့ပါတယ်။ အခုပွဲမှာတော့ လူစုံပါဝင်လာတဲ့ ရန်ကုန်ယူနိုက်တက်အသင်းဟာ ခြေစွမ်းပြ ကစားနိုင်ခဲ့ပြီး ပထမပိုင်းမှာ သွင်းယူခဲ့တဲ့ ဂိုးတွေနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် ရန်ကုန်ယူနိုက်တက်အသင်းဟာ ပထမအကျော့က နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့ပါတယ်။

လူစုံထုတ်

ရတနာပုံအသင်းကတော့ ချန်ပီယံဖြစ်ပြီးဆိုပေမယ့် အခုပွဲ အနိုင်ရဖို့ လူစုံထုတ်ပြီး ကြိုးစားခဲ့ပါတယ်။ အသင်းခေါင်းဆောင် ခင်မောင်ထွန်းကလွဲရင် လူစုံပါဝင်ခဲ့ပေမယ့် ရတနာပုံအသင်းရဲ့ ကစားပုံဟာ အကောင်းဆုံးတော့မရှိခဲ့ပါဘူး။ အားထားရတဲ့ တိုက်စစ်မှူးရန်ပိုင် ခြေစွမ်းမပြနိုင်လို့လည်း ရတနာပုံတိုက်စစ်အားပျော့ခဲ့ရပြီး ဒုတိယပိုင်းအစမှာ ပိုင်စိုးနဲ့ လဲကစားခဲ့ရပါတယ်။ ဒုတိယပိုင်းမှာရတနာပုံအသင်း ဖိကစားနိုင်ခဲ့ပေမယ့် ရန်ကုန်ခံစစ်ပိုင်း အမှားမရှိတာကြောင့် ချေပဂိုးမရခဲ့တာပါ။

ကွင်းပြည့်အားပေး

မြန်မာနေရှင်နယ်လိဂ်ရဲ့ ထိပ်သီးနှစ်သင်းတွေ့ဆုံတဲ့ ပွဲကြီးပွဲကောင်းဖြစ်တာကြောင့် သုဝဏ္ဏကွင်းပြည့်သွားခဲ့ပါတယ်။ နှစ်သင်းစလုံးရဲ့ ပရိသတ်တွေကတော့ ကိုယ့်အသင်း အနိုင်ရဖို့ တစ်ခဲနက်အားပေးခဲ့ကြပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းကတော့ ပရိသတ်ရဲ့အားပေးမှုနဲ့အတူ ပွဲစကတည်းက ရတနာပုံဘက်ကို ဖိကစားခဲ့ပါတယ်။ ပွဲအစ နှစ်မိနစ်မှာပဲ တိုက်စစ်မှူး ကိုနေးမိုဟာမက်က ထောင့်ကန်ဘောကနေ ရန်ကုန်အတွက် ခေါင်းတိုက် သွင်းယူခဲ့ပါတယ်။ ရန်ကုန်အတွက် ဒုတိယဂိုးကိုတော့ ပထမပိုင်းပြီးခါနီးမှာ ကိုနေးရဲ့ဖန်တီးပေးမှုကနေ ဧးဒက်စ်ခေါင်းတိုက်သွင်းယူခဲ့ပါတယ်။

အောင်ပွဲခံ

ရန်ကုန်ယူနိုက်တက်ကို ရှုံးနိမ့်ခဲ့ပေမယ့် ရတနာပုံအသင်းကတော့ ဆုဖလားယူပြီး အောင်ပွဲခံနိုင်ခဲ့ပါတယ်။ ရတနာပုံအသင်းဟာ ၁၄ပွဲကစားရာမှာ ရမှတ် ၂၉မှတ်နဲ့ ပထမ ရရှိခဲ့တာဖြစ်ပါတယ်။

ပွဲအပြီးမှာ ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ IBTC Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံတွင် တာဝန်ထမ်းဆောင်ခဲ့တဲ့ အရန်ဒိုင်ဦးလှတင့်၊ စည်းကြပ်ဒိုင်(၂) Mr. Manop Pansakorn တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က စည်းကြပ်ဒိုင်(၁) Mr. Wirote Onkoke နဲ့ ကွင်းလယ်ဒိုင် Mr. Sura Sriart တို့ကိုလည်းကောင်း ဆုများချီးမြှင့်ခဲ့ပါတယ်။

အဲဒီနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရ ရတနာပုံအသင်းအား တစ်ဦးချင်း ဆုတံဆိပ် ပေးအပ်ချီးမြှင့်ခဲ့ပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က ရတနာပုံအသင်းအားဆုဖလားချီးမြှင့်ခဲ့ပါတယ်။ ။ **(မြန်မာ့အလင်း)**

MNL ပြိုင်ပွဲအပြီးအသင်းများရပ်တည်မှုဇယား

အဆင့်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁	ရတနာပုံ	၁၄	၉	၂	၃	၂၄	၁၃	၂၉
၂	ဒဲလ်တာယူနိုက်တက်	၁၄	၈	၂	၄	၂၂	၁၅	၂၆
၃	ကမ္ဘောဇ	၁၄	၇	၃	၄	၂၅	၁၈	၂၄
၄	ရန်ကုန်ယူနိုက်တက်	၁၄	၇	၂	၅	၂၄	၁၆	၂၃
၅	ဇေယျာရွှေမြေ	၁၄	၅	၂	၇	၁၉	၁၉	၁၇
၆	ဥဿာယူနိုက်တက်	၁၄	၃	၆	၅	၁၁	၂၀	၁၅
၇	မကွေး	၁၄	၃	၅	၆	၁၁	၁၈	၁၄
၈	ဆောက်သမ်းမြန်မာ	၁၄	၂	၂	၁၀	၁၆	၃၃	၈

အောင်ပွဲရ ရတနာပုံအသင်း ဆုယူအပြီးတွေ့ရစဉ်။ (မြန်မာ့အလင်း)

အာဖဂန်နစ္စတန် ငြိမ်းချမ်းရေး ပူးပေါင်းဆောင်ရွက်ရန်လိုဟု နေတိုးသုံးသပ်ပြောကြား

ဂျီနီဗာ ဇန်နဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရန် နိုင်ငံတကာ၏ကြိုးပမ်းမှုများသည် ယခုထက်တိုင် အစိတ်စိတ်အမြွှာမြွှာ ကွဲပြားလျက်ရှိနေကြောင်း မြောက်အတ္တလန္တိတ် စစ်စာချုပ်အဖွဲ့(နေတိုး) ဒုတိယအတွင်းရေးမှူးချုပ်က ဇန်နဝါရီ ၁၂ရက်တွင် ဝန်ခံပြောကြားသည်။ ကမ္ဘာတစ်ဝန်းမှ တပ်ဖြန့်ချထားသည့် နိုင်ငံတကာတပ်ဖွဲ့ဝင်များအား ယခုထက်တိုင် အတူတကွ လေ့ကျင့်ပေးမှုမရှိသေးကြောင်း၊ စစ်ဆင်ရေးများလည်း အတူတကွ ညှိနှိုင်းစီစဉ်ထားမှုမရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ကုလသမဂ္ဂ၊ ဒေသနှင့် ဒေသခွဲအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ကျင်းပသည့်ဆွေးနွေးပွဲ၌ နေတိုးဒုတိယအတွင်းရေးမှူးချုပ်က အထက်ပါအတိုင်း ပြောကြားသည်။

(အင်တာနက်)

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ဂ်မြို့၌ ကယ်ဆယ်ရေးရန်ပုံငွေထားရှိရန်အတွက် ရုရှားသမ္မတ မတ်ဗီဒက်ဗ်ရိုက်ကူးထားသော လက်ရာမြောက် ဓာတ်ပုံကြီးတစ်ပုံကို အမေရိကန်ဒေါ်လာ ၁ဒသမ ၇သန်းဖြင့် လေလံတင်ထားသည်ကို ဇန်နဝါရီ ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ လက်မှုပညာရှင် ချားလက်စ်ကက်စီးနားဆိုသူက သစ်သားသေတ္တာငယ်လေးများဖြင့် သစ်ပင်များသဏ္ဌာန် ပြုလုပ်ပုံဖော်ထားသည်ကို ဇန်နဝါရီ ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဟေတီမြေငလျင်ဒဏ်ကြောင့် သေဆုံးသူဦးရေ ၂၀၀၀၀၀အထိရှိနိုင်ဟု ခန့်မှန်း

ပို့အော်ပရင့်စ် ဇန်နဝါရီ ၁၇

ဟေတီနိုင်ငံ၌ ဇန်နဝါရီ ၁၂ ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိ အင်အားပြင်းလျင်ကြောင့် သေဆုံးသူ ၂၀၀၀၀၀အထိ ရှိလာနိုင်ကြောင်း ဟေတီပြည်ထဲရေးဝန်ကြီး ပေါလ်အင်တွိုင်းက ဇန်နဝါရီ ၁၆ရက်တွင် ပြောကြားလိုက်သည်။

မှန်းဆ

မိမိတို့အနေဖြင့် ငလျင်ကြောင့် သေဆုံးသူများ၏အလောင်း ၅၀၀၀၀ခန့်ကို တူးဖော်တွေ့ရှိထားပြီဖြစ်ကြောင်း၊ စုစုပေါင်း သေဆုံးသူဦးရေကို အတိအကျမပြောနိုင်သော်လည်း ၁၀၀၀၀၀နှင့် ၂၀၀၀၀၀ ကြားရှိမည်ဟု ခန့်မှန်းထားကြောင်း ပြည်ထဲရေး ဝန်ကြီးက ရိုက်တာသို့ ပြောကြားသည်။

ခန့်မှန်း

စာစာပိုင်းတွင် ကြက်ခြေနီအရာရှိများက သေဆုံးသူ စုစုပေါင်း ၅၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းခဲ့သည်။

(အင်တာနက်)

A(H1N1)ရောဂါဖြင့် သေဆုံးသူဦးရေ ကမ္ဘာတစ်ဝန်း၌ ၁၃၅၅၄ ဦးရှိသွားပြီ

ဂျီနီဗာ ဇန်နဝါရီ ၁၇

A(H1N1)တုပ်ကွေးရောဂါ ၂၀၀၉ခုနှစ် ဧပြီလတွင် စတင်ဖြစ်ပွားပြီးနောက် ပျံ့နှံ့ဖြစ်ပွားရာတွင် ကမ္ဘာတစ်ဝန်း သေဆုံးသူအနည်းဆုံး ၁၃၅၅၄ ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ဇန်နဝါရီ ၁၅ရက်၌ ကြေညာသည်။

သေဆုံးသူများအနက် ၇၀၁၆ ဦးမှာ အမေရိကတိုက်မှဖြစ်ပြီး ဥရောပမှ ၂၇၈၈ဦး သေဆုံးကြောင်း ဒဗလျူအိတ်ချ်အိုက ကြေညာသည်။ ထို့ပြင် အနောက်ပစိဖိတ်၊ အရှေ့တောင်အာရှ၊ အရှေ့မြေထဲပင်လယ်နှင့် အာဖရိကတိုက်တို့တွင် ၁၄၄၇ဦး၊ ၁၂၈၉ ဦး၊ ၈၈၃ဦးနှင့် ၁၃၁ဦး အသီးသီးသေဆုံးခဲ့သည်ဟုလည်း ကြေညာချက်၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ရေနံနှင့်ဓာတ်ငွေ့ဖက်စပ်လုပ်ကိုင်ရန် အီရန်နှင့်လစ်ဗျား ဆွေးနွေး

တီဟီရန် ဇန်နဝါရီ ၁၇

အီရန်နှင့်လစ်ဗျားတို့သည် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်အတွက် စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုကော်မတီများ ဖွဲ့စည်းမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက ပြောကြားသည်။

ယင်းကော်မတီများ ဖွဲ့စည်းမှုကြောင့် အီရန်နှင့် လစ်ဗျားနှစ်နိုင်ငံသည် မိတ်ဆွေဖက်နိုင်ငံဖြစ်လာနိုင်သည်ဟု မိမိမျှော်လင့်ကြောင်း မော့တာကီက လစ်ဗျားဝန်ကြီးချုပ် မာမူဒီနှင့် ထရီပိုလီမြို့တွင် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည်။

ဆွေးနွေး

နှစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဖက်စပ်လုပ်ကိုင်ရေးစီမံကိန်းနှင့် စက်ရုံများ၊ ဆေးရုံများ တည်ဆောက်ရေးတို့ကိုလည်း ထည့်သွင်းဆွေးနွေးကြသည်။

(အင်တာနက်)

ဖောက်ခွဲရေးပစ္စည်းများ

ပါကစ္စတန်နိုင်ငံ ခိုင်ဘာဒေသ၌ မော်တော်ယာဉ် တစ်စီးအတွင်းမှ သိမ်းဆည်းရမိသော ဖောက်ခွဲရေးပစ္စည်းများကို ဇန်နဝါရီ ၁၆ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ယီမင်မြောက်ပိုင်း၌ ဆော်ဒီလေကြောင်းမှတိုက်ခိုက် အရပ်သား၁၃ဦး သေဆုံး

ဆာနား ဇန်နဝါရီ ၁၇

ယီမင်နိုင်ငံမြောက်ပိုင်းတွင် ဆော်ဒီလေကြောင်းတိုက်ခိုက်မှုများကြောင့် ၁၃ဦးထက်မနည်း သေဆုံးသွားရကြောင်း ယီမင်နိုင်ငံရှိ ဒေသအာဏာပိုင်များက ပြောကြားသည်။

ဆော်ဒီစစ်လေယာဉ်များက (၁၂)ကြိမ် တိုင်တိုင် တိုက်ခိုက်ခဲ့ကြောင်း၊ အသေးစိတ်ကို ထုတ်ပြန်ပေးမည်ဖြစ်ကြောင်းလည်း ထပ်လောင်းပြောကြားသည်။

ဖြစ်ပွား

ယင်းလေကြောင်းတိုက်ခိုက်မှု၌ သေဆုံးသူများတွင် အရပ်သားလေးဦး ပါဝင်သည်။ မကြာမီအချိန်အတွင်း ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။

(အင်တာနက်)

၂၀၁၀ခုနှစ်၌ ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာရေး အာရှကဦးဆောင်မည်ဟု စီးပွားရေးပညာရှင်များသုံးသပ်

ဟောင်ကောင် ဇန်နဝါရီ ၁၇

ဂျပန်နိုင်ငံမှအပ အာရှတိုက်သည် ၂၀၁၀ ခုနှစ်တွင် အထင်ကြီးရလောက်အောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာရေးကို ဦးဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကို မီးမောင်းထိုး၍ ခန့်မှန်းပြောကြားလိုက်သည်။

နိုင်ငံတကာ ငွေကြေးစီမံခန့်ခွဲရေးလုပ်ငန်းဖြစ်သော အင်ဗက်စကိုက ဇန်နဝါရီ ၁၃ရက်တွင်ပြောကြားရာ၌ ၂၀၁၀ခုနှစ်အတွင်း အာရှ-ပစိဖိတ်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ၇ဒသမ ၄ ရာခိုင်နှုန်းရှိကာ အမေရိကန်ပြည်ထောင်စုက ၂ဒသမ၂ ရာခိုင်နှုန်းရှိပြီး၊ ဗြိတိန်နိုင်ငံက ၁ ဒသမ ၂ရာခိုင်နှုန်းနှင့် ယူရိုဇုန်က ၁ဒသမ၂ရာခိုင်နှုန်း အသီးသီးရှိလာမည်ဟု မျှော်လင့်ရကြောင်း ထည့်သွင်းပြောကြားသွားသည်။

ဦးဆောင်

အာရှတိုက်၏ယေဘုယျ စုစုပေါင်း ပြည်တွင်း အသားတင်ထုတ်လုပ်မှုတိုးတက်နှုန်းသည် ၄ရာခိုင်နှုန်းမှ ၅ရာခိုင်နှုန်းခန့် ရှိမည်ဟု မျှော်လင့်ကြောင်း၊ ၂၀၁၀ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ယင်းအာရှတိုက်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်နေဆဲဖြစ်နိုင်ကြောင်း အင်ဗက်စကို၏ စီးပွားရေးပညာရှင် ဂျွန်ဂရင်းဝုဒ်က ဟောင်ကောင်တွင် ပြောကြားသည်။

အလားအလာ

အာရှတိုက်တွင် ဒုတိယအကြိမ် စီးပွားရေးကျဆင်းနိုင်မည့် အလားအလာသည် မရှိသလောက်ပင်ဖြစ်ကြောင်း ဂျွန်ဂရင်းဝုဒ်က ပြောကြားသည်။

ကောင်းမွန်လာမည်

ဖွံ့ဖြိုးပြီးနိုင်ငံများ၏စီးပွားရေး ပြန်လည်ကောင်းမွန်လာမှုသည် တဖြည်းဖြည်း အရှိန်ရလာမည်ဟုလည်း ဂရင်းဝုဒ်က ဆက်လက်သုံးသပ်သွားသည်။

(အင်တာနက်)

ဂရိနိုင်ငံ အေသင်မြို့ ဗုံးပေါက်ကွဲမြန်

အေသင် ဇန်နဝါရီ ၁၇

ဂရိနိုင်ငံ အေသင်မြို့ရှိ သတင်းနှင့်ပြန်ကြားရေးဌာနတွင် အင်အားပြင်းသည့် ဗုံးတစ်လုံးပေါက်ကွဲရာ ပျက်စီးဆုံးရှုံးမှု အများအပြားဖြစ်ပွားသော်လည်း ထိခိုက်ဒဏ်ရာရသူမရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းပေါက်ကွဲမှုသည် ရက်သတ္တပတ်အတွင်း ဒုတိယအကြိမ် ပေါက်ကွဲမှုဖြစ်ပြီး ဒေသခံများသည် လူနေရပ်ကွက်ရှိ လမ်းများပေါ်သို့ ကြောက်ရွံ့စွာဖြင့် ထွက်ပြေးကြရသည်။

ပေါက်ကွဲ

အမည်မသိသူတစ်ဦးက ပုဂ္ဂလိကရုပ်မြင်သံကြားဌာနသို့ ဗုံးပေါက်မည်ဟု ဖုန်းဆက်အကြောင်းကြား သတိပေးပြီးနောက် ၁၂မိနစ်အကြာတွင် ဗုံးပေါက်ကွဲခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

ကဘူးလ်မြို့လယ်၌ ဒုံးကျည်ဖြင့်ပစ်ခတ်

ကဘူးလ် ဇန်နဝါရီ ၁၇

ကဘူးလ်မြို့လယ်ရှိ မြောက်အတ္တလန္တိတ် စစ်စာချုပ်အဖွဲ့ (နေတိုး) နိုင်ငံတကာလုံခြုံမှု အကူအညီပေးရေးတပ်(အိုင်အက်စ်အေအက်ဖ်)၏ အခိုင်အမာတည်ဆောက်ထားသောဌာနချုပ်နှင့် ဂျာမနီသံရုံးအနီးသို့ ဇန်နဝါရီ ၁၅ရက်က ဒုံးကျည်ဖြင့်ပစ်ခတ်ကြောင်း သတင်းရရှိသည်။

ကဘူးလ်မြို့ ခရိုင်ရဲတပ်ဖွဲ့ရုံးတွင် ဒုံးကျည်တစ်စင်းကျရောက်ခဲ့ကြောင်း ကဘူးလ်ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးဗျူရိုအကြီးအကဲ ဆယက်အဗ္ဗဒူဂဖားဆယက်ဇာဒါက ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းဌာနက ကိုးကားဖော်ပြသည်။

(အင်တာနက်)

အမေရိကန် ခရီးသည်တင်လေယာဉ် ဗုံးဖောက်ခွဲမည်ဟု ခြိမ်းခြောက်

ဝါရှင်တန် ဇန်နဝါရီ ၁၇

မစ်ချီဂန်သို့ဦးတည်မောင်းနှင်နေသော အမေရိကန်ခရီးသည်တင်လေယာဉ်တစ်စင်းပေါ်ရှိ ရေအိမ်ထဲတွင် မိမိကိုယ်မိမိသော့ခတ်ပြီး ဗုံးဖောက်ခွဲရန်ခြိမ်းခြောက်ခဲ့သည့် အမေရိကန်နိုင်ငံသားတစ်ဦးကို အာဏာပိုင်များက ဇန်နဝါရီ ၁၅ရက်တွင် ဖမ်းဆီးလိုက်ကြောင်း သတင်းရရှိသည်။

ရှာဖွေစစ်ဆေး

အမေရိကန်အာဏာပိုင်များက မစ်ချီဂန်ပြည်နယ် ထရာဗတ်စ်စီးတီးရှိ ချယ်ရီကက်ပီတယ်လေဆိပ်ကို ယာယီပိတ်ထားလိုက်ပြီး ထိုယူနိုက်တက်အိပ်စ်ပရက်စ် လေယာဉ်ပေါ်ရှိ ရေချိုးခန်းတွင် ဗုံးများရှာဖွေစစ်ဆေးခဲ့သော်လည်း မတွေ့ရှိဟု သိရသည်။

လေယာဉ်ပေါ်ရှိ ရေအိမ်ထဲမှနေ၍ ခြိမ်းခြောက်ခဲ့သူမှာ ကယ်လီဖိုးနီးယားပြည်နယ်သားဖြစ်ကြောင်း၊ ၎င်းအား စစ်ဆေးနေကြောင်း အာဏာပိုင်များက ပြောကြားသည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ဆိုက်ပရပ်စ်သမ္မတ ဂရိနိုင်ငံသို့ သွားရောက်လည်ပတ်

ဆိုက်ပရပ်စ်သမ္မတ ဒီမီထရီခရစ္စတိုဖီယက်သည် ဂရိနိုင်ငံသို့ ဇန်နဝါရီ ၁၆ရက်က သွားရောက်လည်ပတ်သည်။ ဆိုက်ပရပ်စ်သမ္မတအား ဂရိသမ္မတ ကာရိုလိုပါပေါလီယက်က အေသင်သမ္မတအိမ်တော်တွင် လက်ခံကြိုဆိုသည်။ ၂၀၀၇ခုနှစ်တွင် မီးလောင်မှုကြီး ဖြစ်ပွားခဲ့ရာ၌ မီးသင့်ခံခဲ့ရသည့် အာတီမီဒါကျေးရွာတစ်ရွာလုံး ပြန်လည်တည်ဆောက်ရေးအတွက် ဆိုက်ပရပ်စ်နိုင်ငံက ငွေကြေးအကူအညီပေးခဲ့သည်။ အာတီမီဒါကျေးရွာသည် အိုလံပစ်အားကစားပွဲတော် စတင်ခဲ့သည့် ကျေးရွာဖြစ်သည်။

တရုတ်ဂြိုဟ်တု အောင်မြင်စွာလွှတ်တင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အရှေ့တောင်ပိုင်း စီချွန်ပြည်နယ်ရှိ စီချွန်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှနေ၍ အာကာသသို့ ဂြိုဟ်တုတစ်လုံး အောင်မြင်စွာလွှတ်တင်လိုက်ပြီဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၇ရက် ပေကျင်းစံတော်ချိန် သန်းခေါင်ကျော် သုညဒသမ ၁၂ မိနစ်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

နောက်ပြောင်ခဲ့သူ ပြင်သစ်ခရီးသည် အဖမ်းခံရ

အသက်ကြီးရင့်သည့် ပြင်သစ်ခရီးသည်တစ်ဦးသည် လေယာဉ်ပေါ်တွင် စာအိတ်ဗုံးပုံစံဖြင့် နောက်ပြောင်ခဲ့သဖြင့် အာဇူဒါဘီတွင် ဇန်နဝါရီ ၁၄ရက်က ဖမ်းဆီးခံရကြောင်း သူ၏ ညီအစ်ကိုတော်သူ မီကယ်လီယိုရက်က ပြင်သစ်မီဒီယာသို့ ပြောကြားသည်။ ယင်းကဲ့သို့ နောက်ပြောင်ခဲ့သူမှာ အသက် ၆၆နှစ် အရွယ်ရှိ ဂျိမ်းလူဝစ်လီယိုရက်ဆိုသူဖြစ်ပြီး ပါရီမြို့မှ ဗန်ကောက်မြို့သို့ အီတီဟက်လေကြောင်းဖြင့် သွားရောက်စဉ် ယင်းကဲ့သို့ အဖမ်းခံရခြင်းဖြစ်သည်။

အီရန်နျူကလီးယားဆွေးနွေးပွဲ ဆုံးဖြတ်ချက်မချနိုင်

နယူးယောက်မြို့တွင် ကျင်းပသည့် အီရန်နျူကလီးယားပြဿနာဆိုင်ရာ အင်အားကြီးခြောက်နိုင်ငံမှ အမြဲတမ်းအဖွဲ့ဝင် သံတမန်များဆွေးနွေးပွဲသည် ဆုံးဖြတ်ချက် တစ်စုံတစ်ရာမရရှိဘဲ ဇန်နဝါရီ ၁၆ရက်က ပြီးဆုံးသွားသည်ဟု ရုရှားသံတမန်တစ်ဦးက သတင်းထောက်များအား ပြောကြားသည်။ အင်အားကြီးခြောက်နိုင်ငံတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ ပါဝင်သည်။

လက်ဘနွန်နှင့်အီရန် သဘောထားချင်းညှိနှိုင်းသင့်

လက်ဘနွန်နှင့်အီရန်နိုင်ငံတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးသည့်အခါ ယင်းတို့၏သဘောထားရပ်တည်ချက်ကို ညှိနှိုင်းဆောင်ရွက်သွားသင့်သည်ဟု လက်ဘနွန်သမ္မတ မိုက်ကယ်ဆူလီမန်က ဧည့်သည်တော် အီရန်ဒုတိယသမ္မတ မိုဟာမက် ရီဇာတာဂျက်ဒီနီအား ဇန်နဝါရီ ၁၆ရက်တွင် ပြောကြားကြောင်း လက်ဘနွန် အစိုးရအမျိုးသားသတင်းဌာနက ဖော်ပြသည်။

ပီနန်တွင် နဂါးလှေမှောက်၊ တစ်ဦး သေဆုံး

မလေးရှားနိုင်ငံအနောက်မြောက်ပိုင်း ပီနန်ပြည်နယ်တွင် ဇန်နဝါရီ ၁၇ရက် နံနက်ပိုင်းက နဂါးပုံလှေတစ်စင်းတိမ်းမှောက်သွားသဖြင့် တစ်ဦးရေနစ်သေဆုံးပြီး လေးဦးပျောက်ဆုံးနေဆဲဖြစ်သည်ဟု မလေးရှားရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ နဂါးလှေတွင် ၁၈ဦး လိုက်ပါသွားသည်ဟု သိရသည်။

ကနေဒီ နိုင်ငံတကာလေဆိပ်၌ လုံခြုံရေးချိုးဖောက်မှုဖြစ်

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ဂျွန်အက်ဖ်ကနေဒီ နိုင်ငံတကာ လေဆိပ်တွင် ဇန်နဝါရီ ၁၆ရက် မွန်းလွဲပိုင်းက လုံခြုံရေးချိုးဖောက်မှုဖြစ်ပွားသဖြင့် ခရီးသည်များအား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးလိုက်ရကြောင်း နယူးယောက် လေဆိပ်အာဏာပိုင်များက ပြောကြားသည်။

(အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ယုဇနစိုက်ပျိုးရေးကုမ္ပဏီ၏ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တနိုင်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စာတိုက်၊ ကြေးနန်းနှင့် ဒီဂျစ်တယ်အော်တိုအိတ်ချိန်းရုံးအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ပျိုးထောင်စိုက်ပျိုး

ဆက်လက်၍ တနိုင်းမြို့ တောင်ဘက်ငါးမိုင်အကွာရှိ အောင်စိုးမိုးစံပြကျေးရွာ တည်ဆောက်ရေးလုပ်ငန်းများကို လည်းကောင်း၊ တနိုင်းမြို့နယ် နန်းခမ်းယန်ကွင်း၌ နွေစပါးစိုက်ပျိုးရန် လယ်မြေဖော်ထုတ်ထားရှိမှု၊ ရေပေးမြောင်းတူးဖော်နေမှုနှင့် ရေစီးဝင်မှုတို့ကိုလည်းကောင်း၊ တနိုင်းမြို့နယ် ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းစခန်းအမှတ်(၂)ရှုရပ်မှ သီးနှံစိုက်ပျိုးမြေများဖော်ထုတ်နေမှု၊ စိုက်ပေါင်များ ဖော်ထုတ်မှု၊ ပီလောပီနံများ ပျိုးထောင်စိုက်ပျိုးနေမှုနှင့် သီးနှံများစိုက်ပျိုးထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ရှုဒူဇွပ်ကျေးရွာ၌ ဒေသခံတိုင်းရင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်ပြီး ရှုဒူဇွပ်စံပြကျေးရွာ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြံပက်စိုက်ပျိုး

ဆက်လက်၍ ဖားကန့်မြို့နယ်ရှိ ယုဇနစိုက်ပျိုးရေးကုမ္ပဏီ၏ ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများ၊ စက်ရုံများ တည်ဆောက်နေမှု၊ ဝန်ထမ်းအိမ်ရာများနှင့် စိုက်ပျိုးမြေဖော်ထုတ်မှု၊ သဘာဝဓာတ်မြေသြဇာထုတ်ယူနေမှု လုပ်ငန်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စခန်းအမှတ်(၁) နွေစပါးစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ စပါးမျိုးကို ကြံပက်စိုက်ပျိုးပေးသည်။ ထို့နောက် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာ၌ ဒေသခံတိုင်းရင်းသားများအား ရင်းရင်း နှီးနှီးနှုတ်ဆက်၍ ကျေးရွာရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်း၌ ဒေသခံတိုင်းရင်းသူများ၏ စက်ချုပ်ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးပြီး လဝါကျေးရွာ၌ ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မိုးကောင်းတပ်နယ်ခန်းမ၌ တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဟေတီငလျင် နောက်ဆက်တွဲသတင်း

အပျက်အစီးများအောက်မှ နှစ်ဦးကိုကယ်တင်နိုင်ခဲ့ သေဆုံးသူဦးရေ ၂၀၀၀၀၀အထိရောက်ရှိလာနိုင်

➤ သတင်းမှတ်စု - ချစ်စိုးနိုင်

ပို့အော်ပရင့်စ် ဇန်နဝါရီ ၁၇

ပြီးခဲ့သည့် ဇန်နဝါရီ ၁၂ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိသည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ဟေတီနိုင်ငံတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုနှင့်ရင်ဆိုင်ခဲ့ရသည်။ အသက်ရှင်ကျန်ရစ်သောပြည်သူ သန်းချီ၍ စားရေရိက္ခာအကူအညီကို စောင့်မျှော်နေရဆဲဖြစ်ပြီး သောက်ရေပြတ်လပ်မှုများနှင့်လည်း ကြုံတွေ့နေကြရသည်။ ကုလသမဂ္ဂအဖွဲ့ အနေဖြင့်လည်း ယခုကဲ့သို့ ဟေတီတစ်နိုင်ငံလုံးကို စိစိညက်ညက် ကြေသွားစေသည့် သဘာဝဘေးငလျင်ဒဏ်မျိုးကို ယခင်က ရင်မဆိုင်ခဲ့ရဖူးသေးကြောင်း သုံးသပ်ပြောကြားခဲ့သည်။ မြို့တော်ပို့အော်ပရင့်စ်မှ အနောက်ဘက် ၁၂မိုင်အကွာရှိ လီယိုဂါနီမြို့တွင်လည်း မြို့ရှိအဆောက်အအုံများ၏ ၈၀ရာခိုင်နှုန်းမှ ၉၀ရာခိုင်နှုန်းအထိ ပျက်စီးခဲ့ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းမြို့တွင် လူ ၃၀၀၀၀ခန့် သေဆုံးခဲ့သည်ဟုလည်း ဆိုသည်။

ကူညီပေးလျက်ရှိ

မြို့တော် ပို့အော်ပရင့်စ်၌ ဇန်နဝါရီ ၁၇ရက်တွင် ကယ်ဆယ်ရေး လုပ်သားများက အပျက်အစီးများအောက်မှ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ အသက်ရှင်ကျန်ရစ်သူများသည် ၎င်းတို့အနေဖြင့် စားရေရိက္ခာလုံလောက်စွာ မရရှိသေးကြောင်း ဖွင့်ဟပြောကြားသည်။ ကုလသမဂ္ဂအဖွဲ့သည် အကူအညီလိုအပ်နေသော ဟေတီပြည်သူ သုံးသန်းအတွက် အမေရိကန်ဒေါ်လာ ၅၆၂သန်းသုံးစွဲရန်ရည်ရွယ်ထားပြီး ၎င်းတို့အနက် ယခုလောလောဆယ်တွင် အကူအညီ အပူတပြင်း လိုအပ်နေသောပြည်သူနှစ်သန်းအတွက် ကယ်ဆယ်နေရာချထားရေးကို ကူညီဆောင်ရွက်ပေးလျက်သည်။ ဟေတီနိုင်ငံတွင် ငလျင်ကြောင့်သေဆုံးသူမှာ ယနေ့အထိ ၁၅၀၀၀၀ခန့်ရှိလာပြီး ယင်းငလျင်ကြောင့် ပြည်သူတစ်သန်းခွဲ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်။ ဆက်လက်၍ သေဆုံးသူ ဦးရေမှာ ၂၀၀၀၀၀အထိ ရောက်ရှိလာနိုင်ကြောင်းလည်း ဟေတီပြည်ထဲရေးဝန်ကြီး ပေါလ်အန်တွိုင်နီဘီယင်အိမီက ဖွင့်ဟပြောကြားခဲ့သည်။ ယခုအခါ ဟေတီနိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ဗြိတိန်နိုင်ငံနှင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများကို အပူတပြင်းဆောင်ရွက်လျက်ရှိ ကြောင်းသိရသည်။ **ကိုးကား-အင်တာနက်**

ဗီလာအိမ်ကွင်း၌ ဝက်စ်ဟမ်းနှင့် တစ်မှတ်စီခွဲယူ ဘလက်ဘန်းတို့အိမ်ကွင်း၌ သုံးမှတ်ယူ

ဖောင်ပိတ်ပရီမီယာလိဂ်သတင်း ➤ ရေးသူ - ထင်ကျော်ထက်

လန်ဒန် ဇန်နဝါရီ ၁၇

ပရီမီယာလိဂ်ပွဲစဉ်(၂၂) အဖြစ် ဇန်နဝါရီ ၁၇ရက် ညပိုင်းက အက်စ်တွန်ဗီလာတို့ အိမ်ကွင်း ဗီလာပါ့ခ်၌ ဝက်စ်ဟမ်းကို ဧည့်ခံကစားခဲ့ကြသည်။

မဖန်တီးနိုင်ခဲ့

ဗီလာတို့ ပွဲစလျှင်စချင်း တိုက်စစ်အားကို အရှိန်မြှင့်ခဲ့သည်။ ပွဲချိန် ၁၇မိနစ်တွင် ဝက်စ်ဟမ်းကွင်းလယ်၌ ဝက်စ်ဟမ်းမှ ကိုဗက်ကြောင့်ရသည့် ပြစ်ဒဏ်ဘောကို ဗီလာမှ ဟက်စကီး အလွတ်တည်ကန်ခဲ့သော်လည်း ဂိုးမဝင်ခဲ့ချေ။ မိနစ် ၂၀တွင် ဝက်စ်ဟမ်းကွင်းတစ်ဝက်ခန့်၌ အပွဆန်ကြောင့်ရသည့် ပြစ်ဒဏ်ဘောကို ဗီလာမှ အဘွန်လဟောကန်သွင်းသော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ချေ။ ပွဲချိန် ၃၂မိနစ်တွင်ရသော ထောင့်ကန်ဘောကို ဗီလာမှ မီလ်နာ ဂိုးအဖြစ်မဖန်တီးနိုင်သကဲ့သို့ ၃၄မိနစ်တွင်ရသော အလွတ်တည်ကန်ဘောကိုလည်း အကျိုးရှိစွာ အသုံးမချနိုင်ခဲ့ပေ။ ဧည့်သည်ဝက်စ်ဟမ်းတို့ ခံစစ်အသွင်ဖြင့် တစ်ချက်တစ်ချက်မှ ပြန်လည် ထိုးဖောက်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၄၄မိနစ်တွင် ဝက်စ်ဟမ်းတို့ရသော ထောင့်ကန်ဘောကို ဖော့ဘာ့ထ် ကန်သော်လည်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ထို့ကြောင့် ပထမပိုင်းအပြီးတွင် ဗီလာနှင့် ဝက်စ်ဟမ်းတို့ ဂိုးမရှိ သရေဖြစ်ခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးရရှိရေးအတွက် အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြသော်လည်း ပွဲရလဒ်ကို မပြောင်းလဲနိုင်ဘဲ တစ်မှတ်စီဖြင့်သာ ကျေနပ်ခဲ့ရသည်။



ဘလက်ဘန်းမှ နယ်လ်ဆင် ဖူလ်ဟမ်ဘက်သို့ ဤသို့ ခေါင်းတိုက်ဂိုး သွင်းယူခဲ့သည်။ အင်တာနက်ဓာတ်ပုံ

မဖန်တီးနိုင်ခဲ့

အခြားပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဘလက်ဘန်းအိမ်ကွင်းသို့ ဖူလ်ဟမ်တို့ သွားရောက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ခြေစွမ်းထက်မြက်သော ဧည့်သည်ဖူလ်ဟမ်တို့ တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် ၁၁မိနစ်တွင် ဘလက်ဘန်းကွင်းလယ်၌ ပြစ်ဒဏ်ဘော ကန်ခွင့်ရခဲ့သည်။ ယင်းပြစ်ဒဏ်ဘောကို ဖူလ်ဟမ်မှ ဒင်မ်ပဆီ ကန်ခဲ့သော်လည်း ဂိုးမရရှိခဲ့ချေ။ ထို့အတူ ၁၂မိနစ်၌ရသော ပြစ်ဒဏ်ဘောကိုလည်း ဖူလ်ဟမ်မှ ဂျွန်ဆင် ကန်သွင်းရာ ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ချေ။

ဦးဆောင်နေခဲ့

ပထမပိုင်း မိနစ် ၂၀မျှ ဧည့်သည်ဖူလ်ဟမ်၏ တိုက်စစ်ကိုကြံ့ကြံ့ခံနေရသော ဘလက်ဘန်းအသင်းသည် ပွဲချိန် ၂၅မိနစ်တွင် ဖူလ်ဟမ်ဘက်သို့ ဆမ်ဘာက ထောင့်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဘလက်ဘန်းတို့ ဦးဆောင်ဂိုးရရှိခဲ့ပြီး ပထမပိုင်းပွဲပြီးချိန်အထိ ဘလက်ဘန်းတို့က တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယဂိုးရရှိ

ဒုတိယပိုင်းပွဲအစတွင် ဧည့်သည်ဖူလ်ဟမ်တို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ပွဲချိန် ၅၄မိနစ်တွင် ဘလက်ဘန်းမှ မက်ကာသီဖြတ်တင်ပေးသောဘောလုံးကို နယ်လ်ဆင်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဘလက်ဘန်းတို့ ဒုတိယဂိုးရရှိခဲ့သည်။ ဘလက်ဘန်းနှင့် ဖူလ်ဟမ်တို့ တစ်ဖက်နှင့်တစ်ဖက် ဂိုးထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့ကြသော်လည်း ပွဲပြီးသည်အထိ ဂိုးထပ်မသွင်းနိုင်ကြသဖြင့် ဘလက်ဘန်းတို့ အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ သုံးမှတ်အပြည့် ရယူနိုင်ခဲ့သည်။

အခြားပွဲရလဒ်

ဘော်လ်တန် ၀ -၂ အာဆင်နယ် **(အင်တာနက်)**

(၆၂) ကြိမ်မြောက်
တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန် အောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၁၇

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့က ၁၃၇၁ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက် (၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၃ ရက်)မှ ပြာသိုလပြည့်ကျော် ၁၃ရက် (၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၂ရက်)အထိ ကျင်းပခဲ့သော (၆၂) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် ရေးဖြေနှင့် အာဂုံပြန်အောင်မြင်ကြသူများစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်-

(ယမန်နေ့မှအဆက်)

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်
ဥဘတောဝိဘင်္ဂဓရ (၄၇)ပါး

၁။ ပလ္လင်အမှတ်(၇၂) - အရှင်ဝေပုလ္လ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ၊ အရှေ့တောရ ငါးထပ်ကြီးစာသင်တိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ်(၇၄) - အရှင်ပညိန္ဒ(မုံရွာ)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ်(၇၆) - အရှင်ဉာဏဓဇ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၄။ ပလ္လင်အမှတ်(၇၇) - အရှင်ကောသလ္လ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ပလ္လင်အမှတ်(၇၈) - အရှင်သောပါကာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၆။ ပလ္လင်အမှတ်(၇၉) - အရှင်နိမလ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၇။ ပလ္လင်အမှတ်(၈၁) - အရှင်ဣန္ဒြိယ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၈။ ပလ္လင်အမှတ်(၈၅) - အရှင်ကုဏ္ဍလာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၉။ ပလ္လင်အမှတ်(၈၆) - အရှင်အဂ္ဂသီလ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၀။ ပလ္လင်အမှတ်(၈၇) - အရှင်ပညာနန္ဒ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၆)ဝါ၊ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၁။ ပလ္လင်အမှတ်(၈၈) - အရှင်သဒ္ဒိန္ဒြိယာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၂။ ပလ္လင်အမှတ်(၈၉) - အရှင်သိရိန္ဒ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၁၃။ ပလ္လင်အမှတ်(၉၀) - အရှင်ကုဏ္ဍလ(အရာတော်)၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။ (အထူးအောင်)

၁၄။ ပလ္လင်အမှတ်(၉၁) - အရှင်ကောဝိဒါလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၄)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၅။ ပလ္လင်အမှတ်(၉၂) - အရှင်သုမင်္ဂလ၊ အသက် (၂၄)နှစ်၊ သိက္ခာ (၄)ဝါ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

၁၆။ ပလ္လင်အမှတ်(၉၃) - အရှင်ပညာနန္ဒာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၇။ ပလ္လင်အမှတ်(၉၄) - အရှင်ဝိဇ္ဇာနန္ဒာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၁၈။ ပလ္လင်အမှတ်(၉၅) - အရှင်စန္ဒိမာ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ ဣန္ဒြိယာရာမ ရွှေဂူကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၉။ ပလ္လင်အမှတ်(၉၇) - အရှင်ဝိဇယဉာဏ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၂၀။ ပလ္လင်အမှတ်(၉၉) - အရှင်သဇ္ဇန၊ အသက်(၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ၊ ရတနာပုံကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၂၁။ ပလ္လင်အမှတ်(၁၀၀) - အရှင်သုစိတ္တ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂၂။ ပလ္လင်အမှတ်(၁၀၁) - အရှင်ပဏ္ဍိတ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၃။ ပလ္လင်အမှတ်(၁၀၄) - အရှင်ပညာနန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၂၄။ ပလ္လင်အမှတ်(၁၀၅) - အရှင်စက္ကိန္ဒ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၅။ ပလ္လင်အမှတ်(၁၁၀) - အရှင်သုနန္ဒ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂၆။ ပလ္လင်အမှတ်(၁၁၃) - အရှင်အကိုရ၊အသက်(၂၅)နှစ်၊သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂၇။ ပလ္လင်အမှတ်(၁၁၅) - အရှင်တေဇသာမိ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ၊ သာသနာ့အလင်းရောင် ကျောင်းတိုက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း။

၂၈။ ပလ္လင်အမှတ်(၁၁၇) - အရှင်ပါမောက္ခ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ သာသနာ့အလင်းရောင်ကျောင်းတိုက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း။

၂၉။ ပလ္လင်အမှတ်(၁၂၀) - အရှင်နန္ဒာစာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၃၀။ ပလ္လင်အမှတ်(၁၂၂) - အရှင်ပညာနန္ဒ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၃၁။ ပလ္လင်အမှတ်(၁၂၃) - အရှင်သီလာစာရာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၂။ ပလ္လင်အမှတ်(၁၂၅) - အရှင်ဝိမလာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၂)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၃။ ပလ္လင်အမှတ်(၁၂၈) - အရှင်ဇဋိလ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၃၄။ ပလ္လင်အမှတ်(၁၂၉) - အရှင်ရာဇပီယ၊ အသက်(၂၀)၊ သိက္ခာ(၁)ဝါ၊ မြို့ဦးတောရပရိယတ္တိစာသင်တိုက်၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်။ (အထူးအောင်)

၃၅။ ပလ္လင်အမှတ်(၁၃၃) - အရှင်နန္ဒောဘာသာလင်္ကာရ၊ အသက်(၂၈)နှစ်၊သိက္ခာ(၈)ဝါ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၃၆။ ပလ္လင်အမှတ်(၁၃၈) - အရှင်နန္ဒသာရာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၃၇။ ပလ္လင်အမှတ်(၁၄၀) - အရှင်ဣန္ဒက(သရက်)၊ အသက်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၃၈။ ပလ္လင်အမှတ်(၁၄၁) - အရှင်ဓမ္မာနန္ဒ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃၉။ ပလ္လင်အမှတ်(၁၄၂) - အရှင်ကုမုဒ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။ (အထူးအောင်)

၄၀။ ပလ္လင်အမှတ်(၁၄၃) - အရှင်တိက္ခဝံသာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၄၁။ ပလ္လင်အမှတ်(၁၄၅) - အရှင်နန္ဒဝံသ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၅)ဝါ၊ ဇောတိကာရုံကျောင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၄၂။ ပလ္လင်အမှတ်(၁၄၈) - အရှင်ဣန္ဒက(နတ်မောက်)၊ အသက်(၂၄)နှစ်၊သိက္ခာ(၄)ဝါ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၄၃။ ပလ္လင်အမှတ်(၁၄၉) - အရှင်ပညာဇောတ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့၊ ရန်ကုန်တိုင်း။

၄၄။ ပလ္လင်အမှတ်(၁၅၀) - အရှင်ပဏ္ဍိတ၊ အသက်(၂၃)နှစ်၊ သိက္ခာ (၄)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၄၅။ ပလ္လင်အမှတ်(၁၅၂) - အရှင်ဝိလာသ၊ အသက်(၂၃)နှစ်၊ သိက္ခာ (၄)ဝါ၊ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၆။ ပလ္လင်အမှတ်(၁၅၄) - အရှင်ဣန္ဒက၊အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၇။ ပလ္လင်အမှတ်(၁၅၇) - အရှင်ပညာစက္က၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

(သတင်းစဉ်)

အလင်းရောင်စာကြည့်တိုက် သဲကုန်းမြို့နယ်၌ဖွင့်

သဲကုန်း ဇန်နဝါရီ ၁၇

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် အုပ်ဖိုအုပ်စု ရင်းတိုက်တန်းကျေးရွာရှိ အလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အလင်းရောင်စာကြည့်တိုက်ကို ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးညွန့်ဝေနှင့် စာကြည့်တိုက်နာယကဦးခင်ဝင်း**(အပေါ်ပုံ)**တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်း

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်၊ ဒုတိယရဲမှူးညွန့်ဝေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းတို့က စာကြည့်တိုက်ရေရှည်တည်တံ့ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ စံ(၅)ချက်နှင့်အညီ စာကြည့်တိုက်ဖြစ်ပေါ်လာရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့ကို ရှင်းလင်းပြောကြားကြပြီး စာကြည့်တိုက်မှူးဦးကျော်မြိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

လှူဒါန်း

ယင်းနောက် ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်က သုတရသ၊ ဂျာနယ်မျိုးစုံ ၅၀၊ စေတနာရှင်ပြည်သူများမှ လှူဒါန်းသောစာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းအုပ်ရေ ၅၀၀၊ စာကြည့်တိုက်ရန်ပုံငွေ ကျပ်နှစ်သောင်းနှင့် ကျပ်ငါးသောင်းတန် ဗီရိုတစ်လုံးတို့ကို လှူဒါန်းရာ တာဝန်ရှိသူများ လက်ခံယူခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၄ဝါလမ်း(ဘုရားဖြူရပ်) ပေ၆၀၀×၁၂ပေ ကျောက်ချောမှ ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၂)ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၇

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၂)ကို ဇန်နဝါရီ ၁၅ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

စုံလင်စွာဖော်ပြထား

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးမျိုးစေ့ချက်ကိုရိယာဖြင့် စိုက်ပျိုးလျှင် သတိပြုရမည့်အချက်များ၊ စပါးအခြေခံ သီးထပ်သီးနှံပုံစံ၊ အညာကျေးလက်ဒေသ နှမ်းစိုက်ပျိုးရေးစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ပီတိဖြစ်သွားပြီ၊ ကြက်ဝမ်းကျနာရောဂါဂရုပြုပါ၊ ငါးရှဉ့်အထွက်ကောင်းစေရန် နည်းပညာဖြန့်ဝေမည် စသည့် မွေးမြူရေးဆောင်းပါးများ၊ နှလုံးကျန်းမာစေသည့် အစားအစာများ၊ တိုင်းရင်းဆေးအသုံးဝင် ဒန့်သလွန်ပင်၊ ကျန်းမာရေးအတွက် စားသုံးသင့်သော လိမ္မော်သီး၊ ဆီးပူပြီးဝါနေလျှင် စသည့် ကျန်းမာရေးဆောင်းပါးများ၊ အကျိုးရှိစွာအသုံးပြုပါ အဖိုးတန်ရတနာ၊ ဆွာချောင်းအခမဲ့လူကူးတံတားနှင့် ပြည်သူတို့၏ စေတနာအင်အား၊ အမျိုးသားရေးဆိုင်ရာ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးစသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ ဂျော်ဂျီယာနိုင်ငံအကြောင်း သိကောင်းစရာ၊ အာရှ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ၂၀၁၀ခုနှစ်တွင် ဖိဒသမ ဖြာခိုင်နှုန်း တိုးတက်ဖွယ်ရှိဟု အာရှဖွံ့ဖြိုးရေးဘဏ်ပြောကြား၊ နည်းပညာကို ပိုမိုအသုံးချ၍ ဘင်္ဂလားဒေ့ရှ် အခြေခံလုပ်သားများ အင်္ဂလိပ်စာလေ့လာ စသည့် နိုင်ငံတကာသတင်း၊ ဆောင်းပါးများ၊ အားကစားသတင်းများနှင့် ပျော်ပျော်ပါးပါး ပေါ့ပေါ့ပါးပါးလေးတွေပဲ လုပ်ရတာများပါတယ်ဆိုတဲ့ ထပ်ဆင့်အကယ်ဒမီ မေသန္တာဦးနှင့် တွေ့ဆုံခြင်းစသည့် အနုပညာသတင်းများ၊ ဆောင်ပင်တစ္ဆေ ဝေလေလေ အခန်းဆက်ဝတ္ထုရှည်တို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဝယ်ယူရရှိနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ ***(သတင်းစဉ်)***

❍ *ကျောဖုံးမှ*

ဤခရီးစဉ်ကို စာရေးသူစိတ်ဝင်စားမိသည်။ အကြောင်းမှာ နာဂစ်မုန်တိုင်းကျရောက်ခဲ့သော ကျေးရွာများတွင် ကျေးလက်ဒေသနေ ကျောင်းသူ ကျောင်းသားများအတွက် မရှိမဖြစ်လိုအပ်သော ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများကို ဖြည့်ဆည်း လှူဒါန်းဆောက်လုပ်ပေးသောကြောင့်ဖြစ်သည်။ ယင်းကျောင်း အဆောက်အအုံများကို Plan နှင့် BAJ တို့က လှူဒါန်းဆောက်လုပ်ပေးခဲ့ကြပါသည်။

ဦးတည်ခရီးနှင်

တရိပ်ရိပ်ပြေးလွှားနေသော ရွှေပုံလွှားပွဲထောင်ရေယာဉ်သည် ဇာပဝါပါးပါးလွှမ်းခြုံထားသော ဆောင်းနှင်းမှုန်များကို ထိုးဖောက်လျက် မဘောကျေးရွာသို့ ဦးတည်ခရီးနှင်နေသည်။

သတင်းအဖွဲ့နှင့်အတူပွဲထောင်ရေယာဉ်ပေါ်တွင် လိုက်ပါလာသောကျောင်းဆောက်လုပ်ပြုပြင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံကိန်း BAJ စီမံကိန်းမန်နေဂျာ ဦးအေးကိုဝင်းနှင့် အချိန်ရခိုက်တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်တို့အဖွဲ့ရဲ့ ရည်ရွယ်ချက်ကတော့ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားတဲ့ ကျောင်းနဲ့ ကျောင်းသုံးအခြေခံ ပစ္စည်းများ ပြန်လည်ရရှိပြီး ကျောင်းသား ကျောင်းသူများ အမြန်ဆုံး စာသင်ကြားနိုင်စေဖို့ရယ်၊ လုံခြုံစိတ်ချခိုင်ခံ့သောကျောင်းများ တည်ဆောက်ပေးခြင်းအားဖြင့် ကျောင်းအဆောက်အအုံများတွင် စာသင်ကြားခြင်းအပြင် အရေးပေါ်ခိုလှုံနေရာအဖြစ် အသုံးပြုနိုင်စေဖို့နဲ့ ကလေးများနဲ့ မိဘများ ဗဟုသုတရရှိပြီး သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့လာတဲ့အခါ ပြင်ဆင် ကာကွယ်နိုင်စေဖို့ ရည်ရွယ်ပါတယ်။ ဒီလုပ်ငန်းတွေကို ကျွန်တော်နဲ့အတူ အကြီးတန်းအင်ဂျင်နီယာ ဦးနေမျိုးနဲ့ ဦးငွေအောင်၊ မြို့ပြအင်ဂျင်နီယာ ဦးဝေဖြိုးနဲ့ ဦးဝင်းထိုက်အောင်တို့လည်း ကျရာကဏ္ဍက စေတနာထားပြီး တက်ညီလက်ညီ စီမံဆောက်လုပ်ပေးခဲ့ကြပါတယ်။ အခုဆိုရင် ကျေးလက်ဒေသများတွင် နေထိုင်သော ကျောင်းသား ကျောင်းသူကလေးများ၏ ပညာရေးအလှပန်းများမှာ ဝေဆာတင့်ဆန်း ပွင့်လန်းနေကြပါပြီ" ဟု အားပါးတရ ရှင်းလင်းပြောပြသည်။

မျှော်လင့်ထား

ထို့နောက် သတင်းအဖွဲ့က အကြီးတန်းအင်ဂျင်နီယာ ဦးနေမျိုးနှင့် ဦးငွေအောင်တို့အား ကျောင်းအသစ်ဆောက်လုပ်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို စေ့ငုမေးမြန်းခဲ့ရာ "ကျွန်တော်တို့အဖွဲ့အနေနဲ့ နာဂစ်အပြီးမှာ စီမံကိန်းအဆင့်(၁)အနေနဲ့ မြောင်းမြမြို့နယ်မှာ အကြီးတန်းပြင်ဆင်မှုနဲ့ သာမန်ပြင်ဆင်မှုအဖြစ် ကျောင်းပေါင်း ၂၅ကျောင်း စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအဆင့်(၂)နဲ့ အဆင့်(၃)တို့ကို မော်လမြိုင်ကျွန်းမြို့နယ်မှာ ဆောင်ရွက်ခဲ့ရာ အခုထိ လုံးဝပြီးစီးတဲ့ကျောင်းပေါင်း ၂၀ နဲ့ ဆောက်လုပ်ဆဲကျောင်း ခုနစ်ကျောင်းရှိပါတယ်။

၂၀၁၀ ခုနှစ် ဇွန်လအထိ အသစ်တည်ဆောက် ပြုပြင်တဲ့ ကျောင်းပေါင်း ၂၉ကျောင်းပြီးစီးမယ်လို့ မျှော်လင့်ထားပါတယ်။ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတွေကတော့ ဒီဇင်ဘာ ၇ရက်မှာ မဘောကျေးရွာ၊ ဒီဇင်ဘာ ၈ရက်မှာ မြေစငူကျေးရွာနဲ့ ဒီဇင်ဘာ ၂၃ရက်မှာ တဲ့တဲ့ကူးကျေးရွာတို့မှာ ကျင်းပမှာဖြစ်ပါတယ်" ဟု ရှင်းလင်း ပြောပြသည်။

သတင်းအဖွဲ့မှာ ရွှေပုံလွှားပွဲထောင်ရေယာဉ်ဖြင့် စီးနင်းလိုက်ပါရင်း ကမ်းဘေးဝဲယာ နှစ်ဖက်ကို လှမ်းမျှော်ကြည့်လိုက်သောအခါ မြန်မာ့လယ်ယာမြေ မြင်ကွင်းတို့မှာ အသွင်ပြောင်းလဲသွားပြီ ဖြစ်သည်။ ယခင်ခရီးစဉ်များက တွေ့မြင်ခဲ့ရသော ရွှေဝါရောင်ဝင်း မိုးစပါးခင်းတို့နေရာတွင် နွေစပါးလုပ်ငန်းခွင်ဝင်နေသော မြင်ကွင်းများက အစားထိုး နေရာယူနေကြသည်။ စက်မှုလယ်ယာခေတ်ဆီသို့ လှမ်းချီနေသော ခြေလှမ်းများအဖြစ် နွေစပါးထွန်ရေးကို လက်တွန်းထွန်စက်များဖြင့် ထွန်ယက်နေကြသည်။ အချို့မှာ နွေစပါးစိုက်ပျိုးပြီးသွားပြီဖြစ်သည်။ ခရီးစဉ်တစ်လျှောက် မြင်းကကုန်း၊ ဂုံညင်းတန်း၊ ပိုက်ချက်၊ ကျုံလမုကြီး၊ ကျွန်းချောင်းနှင့် ဖိုးတီလွတ် ကျေးရွာများတွင် တွေ့မြင်ခဲ့ရပါသည်။

ရွှေပုံလွှား ပွဲထောင်ရေယာဉ်သည် နံနက် ၇နာရီခွဲတွင် မဘောချောင်းဝသို့ ရောက်ရှိကြသည်။ ထွန်းသစ်စ နေရောင်ခြည်သည် ယခုအချိန်ထိ အအေးဓာတ်ကို စိန်မခေါ်နိုင်သေး။ မဘောချောင်းဝအရောက်တွင် ကျွန်းချောင်းမြစ်ပြင်ကျယ်ဆီမှ အပြေးအလွှား တိုက်ခတ်လာသော လေနုအေးကလေးများနှင့် ထိတွေ့ဆက်ဆံ ခွင့်ရသဖြင့်ချမ်းစိမ့်စိမ့်ဖြစ်နေသော ဆောင်းဦးအအေးဓာတ်ကို ခံစားမိကြပါသည်။

"ဒီကျောင်းဆောင်သစ် ရေရှည် တည်တံ့ ခိုင်မြဲဖို့ ဒေသခံပြည် သူ များ က ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြပါ"

ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသူဇာ၊ ဆရာမ ဒေါ်သန္တာဝင်း မြေစငူကျေးရွာ။

ဝမ်းသာအားရဆီးကြို

မဘောချောင်းအတွင်းသို့ လှမ်းဝင်လိုက်သောအခါ ခံ့ညားထည်ဝါလှသည့် မဘောကျေးရွာ မူလတန်းလွန်ကျောင်းဆောင်သစ်ကြီးက သတင်းအဖွဲ့ကို ဆီးကြိုနှုတ်ဆက်နေသည်။ မြင်ကွင်းကိုလည်း ရှုပါဦး၊ ဒေသခံပြည်သူများက ဆိပ်ကမ်းတံတားမှ ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်နေကြသည်။ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ကြိုဆိုကြသဖြင့် စည်ကား စိုပြည်နေသည်။ ဒိုးပတ်ဝိုင်းနှင့်တွဲပြီး မဘောကျေးရွာမှ အဘွားအမေပျော့က ဝမ်းသာလွန်း၍ ဗျာပါခံအကဖြင့် ကွေးနေအောင် ကပြနေသည်။ ကျောင်းသူ ကျောင်းသားများကလည်း ပန်းစည်းဆက် ကြိုဆိုနေကြပါသည်။

မုန်တိုင်းဒဏ်ခံ မော်လမြိုင် ကျွန်းမြို့နယ် မြေစငူ တွဲဖက် အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ကို BAJ စီမံကိန်း မန်နေဂျာက ကျောင်းအုပ်ဆရာမကြီးထံ ဤသို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။

အားတက်ရွှင်လန်း

သူတို့မျက်နှာပြင်ပေါ်တွင် အပြုံးရိပ်များဖြတ်သန်းနေသည်။ ဝမ်းသာပျော်မြူးနေကြသည်။ အားတက်ရွှင်လန်းနေကြသည်။ သူတို့၏ ပီတိလှိုင်းအတွင်း စာရေးသူသည်လည်း လိုက်ပါစီးမျောနေမိသည်။ ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲတွင် မဘောကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ဆောက်လုပ်ထားသော ပေ၈၀×ပေ၃၀×၁၂ပေရှိသော ကျောင်းဆောင်သစ်သုံးခန်းတွဲ၊ ရေလောင်းအိမ်သာ၊ ကျောင်းသုံး ပရိဘောဂများနှင့် အားကစားပစ္စည်းများ ဆောင်ရွက်မှု မှတ်တမ်းစီဒီအား BAJ စီမံကိန်း မန်နေဂျာ ဦးအေးကိုဝင်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုငွေထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဖြေဖျော်မှုအစီအစဉ်တွင် မဘောမူလတန်းလွန်ကျောင်းမှ ကျောင်းသားကျောင်းသူကလေးများ၏ ပန်းဖွားအက၊ ဖိုးသူတော်ယိမ်း၊ သျှောင်ပေစူးအက၊ ရန်ကုန်သားနှင့် မန္တလေးသူ တေးသရုပ်ဖော်များဖြင့် သရုပ်ဆောင်ဖျော်ဖြေတင်ဆက်ကြရာ သရုပ်ဖော်ကကွက် ပိုင်နိုင်လှသဖြင့် ကြည့်ရှုသူများမှာ ငြိမ်ချက်သားကောင်းလှသည်။ ဖျော်ဖြေမှုတစ်ခု ပြီးဆုံးတိုင်း ပရိသတ်၏ လက်ခုပ်သံက တဖြောင်းဖြောင်းပင်။

ရှင်းလင်းပြောကြား

အခမ်းအနားပြီးတော့ မဘောမူလတန်းကျောင်းမှ ဆရာမ ဒေါ်ငွေငွေရီနှင့် တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့သည်။ "မဘောကျေးရွာ မူလတန်းလွန်ကျောင်းမှာ ကျောင်းဆောင်သစ် ဆောက်လုပ်မယ်ဆိုတော့ ကျွန်မနဲ့အတူ ကျောင်းသားကျောင်းသူအားလုံး သိပ်ပျော်မိတာ အမှန်ပါပဲ။ အခုတော့ ကျောင်းဆောင်သစ်ကြီး ငွားငွားစွင့်စွင့် ဝင့်ကြွားစွာ ပေါ်ထွက်လာပါပြီ။ ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြတဲ့ အလှူရှင်များနဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ရှင်းလင်းပြောပြသွားသည်။

မဘောကျေးရွာမှ ကျောင်းသူကလေးများ၏ သရုပ်ဆောင်ကကွက်တစ်ခုဖြစ်သော ပန်းဖွားအကက သွက်လက်မြူးကြွ အားမာန်ပြနေသည်။

မော်လမြိုင်ကျွန်းမြို့နယ် မြေစငူကျေးရွာ သုံးခန်းတွဲ တွဲဖက်အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ကို ဖွင့်ပွဲနေ့က ဝင့်ကြွားလှပသောမြင်ကွင်း....။

ဆီးကြိုနှုတ်ဆက်

ဆက်လက်ပြီး ဒုတိယနေ့ သတင်းခရီးအဖြစ် မဘောကျေးရွာအုပ်စု မြေစငူကျေးရွာသို့ သတင်းခရီး ဆက်ခဲ့သည်။ မြေစငူကျေးရွာသား ကျေးရွာသူများက ချိုမြိန်သော အပြုံးကိုယ်စီဖြင့် ဆီးကြိုနှုတ်ဆက်ကြသည်။ သူတို့လည်း အားတက်ရွှင်လန်းဝမ်းသာ နေကြသည်။ မြေစငူကျောင်းဆောင်သစ်၏ ထူးခြားချက်မှာ သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက ကျောင်းဆောင်အပေါ်ထပ်တွင် အရေးပေါ်ခိုလှုံနေရာကိုပါ အသင့်စီစဉ်ထားခြင်းဖြစ်ပေသည်။

ယင်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် ပေ၆၀×ပေ၃၀×၁၂ပေရှိ ကျောင်းဆောင်သစ် သုံးခန်းတွဲ၊ ရေလောင်းအိမ်သာ၊ ရေတုံကင်၊ ကျောင်းသုံး ပရိဘောဂများနှင့် အားကစားပစ္စည်းများ ဆောင်ရွက်မှု မှတ်တမ်းစီဒီအား BAJ စီမံကိန်း မန်နေဂျာ ဦးအေးကိုဝင်းက ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်ခဲ့ပေသည်။

ထိန်းသိမ်းစောင့်ရှောက်

စာရေးသူတို့ သတင်းအဖွဲ့သည် အခမ်းအနားအပြီးတွင် မြေစငူ တွဲဖက်မူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသူဇာ၊ ဆရာမ ဒေါ်သန္တာဝင်းတို့နှင့် တွေ့ဆုံပြီး သူတို့ထံမှ ရင်တွင်းစကားကို စေ့ငုမေးမြန်းခဲ့ရာ "ကျွန်မတို့တော့ ဘယ်လိုဝမ်းသာမှန်းတောင် ပြောမပြတတ်တော့ပါဘူး။ အားလုံးကို ကျေးဇူးတင်ရှိနေပါတယ်။ ဒီကျောင်းဆောင်သစ် ရေရှည်တည်တံ့ခိုင်မြဲဖို့ ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြပါ။ ဒါ့အပြင် လှူဒါန်းဆောက်လုပ်ပေးတဲ့ Plan နှင့် BAJ အဖွဲ့ကိုလည်း ကျေးဇူးတင်ရှိပါတယ်"ဟု အားပါးတရ ရှင်းလင်းပြောပြသွားသည်။

တတိယမြောက်သတင်းခရီးစဉ်အဖြစ် ဒီဇင်ဘာ ၂၃ရက်က ကျားဟုန်း ကျေးရွာအုပ်စု တဲ့တဲ့ကူးကျေးရွာသို့ သတင်းခရီးဆက်ခဲ့သည်။ တဲ့တဲ့ကူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ဆောက်လုပ် ပြီးစီးသွားသော ကျောင်းဆောင်သစ်နှစ်ခန်းတွဲ၊ ရေလောင်းအိမ်သာ၊ ကျောင်းသုံးပရိဘောဂများနှင့် အားကစားပစ္စည်းဆောင်ရွက်မှု မှတ်တမ်းစီဒီအား BAJ စီမံကိန်းမန်နေဂျာက ကျောင်းအုပ်ဆရာမကြီး ဒေါ်မေဦးခိုင်ထံသို့ လွှဲပြောင်းပေးအပ်လိုက်သောအခါ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများ၏ ဝမ်းသာအားရ အားပါးလှသော လက်ခုပ်သံက တဖြောင်းဖြောင်း။

ကျုန်ရစ်ပျောက်ကွယ်

စာရေးသူလည်း ထပ်တူထပ်မျှ ဝမ်းသာပီတိ ဖြစ်မိပါသည်။ ပြုံးပန်းဝေဆာနေသော သူတို့၏ အလှမျက်နှာကိုယ်စီတို့ကို စာရေးသူ သတိထားကြည့်ရှုမိလိုက်ပါသည်။ ညနေ ၃နာရီတွင် ရွှေပုံလွှား ပွဲထောင်ရေယာဉ်သည် တဲ့တဲ့ကူးကျေးရွာကို လက်ပြနှုတ်ဆက်ရင်း ပြန်လည်ထွက်ခွာခဲ့သည်။ တဲ့တဲ့ကူးကျေးရွာသည် အဝေးမြင်ကွင်း၌ ကျုန်ရစ်ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ရင်တွင်းစကား

သို့သော်လည်း စာရေးသူ၏ မျက်စိမြင်ကွင်းနှင့် အကြားအာရုံတို့ထဲတွင် သူတို့၏ မြင်ကွင်းအလှတို့မှာ ပျောက်ကွယ်မသွားသေး။ ရှင်သန်စိုးမိုးနေဆဲပင်။ စာရေးသူထံ သတင်းစကားလက်ဆောင်ပါးကြသော သူတို့ထံမှ ရင်တွင်းစကားတို့သည်လည်း ထပ်တူပဲ့တင်သံများအဖြစ် ပြန်လည်ကြားယောင်နေမိသည်။

ပွင့်လန်းရာမြေ

"အားလုံးကို ကျေးဇူးတင်ရှိနေပါတယ်။ ဒီကျောင်းဆောင်သစ် ရေရှည်တည်တံ့ခိုင်မြဲဖို့ ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြပါ" ဟူ၍ ဖြစ်သည်။ စာရေးသူတို့သတင်းအဖွဲ့မှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းခရီးမြင်ကွင်းများအဖြစ် ပညာရေးအလှပန်းများ ပွင့်လန်းရာမြေများသို့ သွားရောက်ပြီး သူတို့၏ အလှမျက်နှာ မြင်ကွင်းများကို သတင်းခရီးသည်အဖြစ် ကွင်းဆင်းလေ့လာတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားတဲ့ ကျောင်းနဲ့ ကျောင်းသုံး အခြေခံပစ္စည်းများ ပြန်လည်ရရှိပြီး ကျောင်းသား ကျောင်းသူများ အမြန်ဆုံး စာသင်ကြားနိုင်စေဖို့ရယ်၊ လုံခြုံစိတ်ချခိုင်ခံ့သော ကျောင်းများ တည်ဆောက်ပေးခြင်းအားဖြင့် ကျောင်းအဆောက်အအုံများတွင် စာသင်ကြားခြင်းအပြင် အရေးပေါ်ခိုလှုံနေရာအဖြစ် အသုံးပြုနိုင်စေဖို့နဲ့ ကလေးများနဲ့ မိဘများ ဗဟုသုတရရှိပြီး သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့လာတဲ့အခါ ပြင်ဆင်ကာကွယ်နိုင်စေဖို့ ရည်ရွယ်။

ပုံနှိပ်အရည်အသွေးကောင်းမွန်သည့် ကုန်ချောများ ထုတ်လုပ် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ ပိုမိုစနစ်ကျစွာ ထိန်းသိမ်း

လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၁၂ရက် မွန်းလွဲ ၁နာရီတွင် မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ် ရပ်ကွက်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)သို့ ရောက်ရှိပြီး ကျောင်းသုံး ဖတ်စာအုပ်များ စာအုပ်ချုပ်ဆောင်ရွက်နေမှု၊ စာအုပ်ချုပ်စက်များ၊ စက္ကူဖြတ်စက်များ၊ ရွက်ထိုးစက်၊ ခဲစာလုံးပုံနှိပ်စက်၊ ပုံနှိပ်လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်းများ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုနှင့် ကြံ့ခိုင်ထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှု၊ ပုံနှိပ်ပြီးကျောင်းသုံးဖတ်စာအုပ်များ၏ အရည်အသွေးကောင်းမွန်မှု၊ ကုန်ကြမ်းစက္ကူ လိပ်များ သိုလှောင်ထားရှိမှုနှင့် ပုံနှိပ်ပြီး ကျောင်းသုံးဖတ်စာအုပ်များ ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြသည်။

ဝိုင်းဝန်းပူးပေါင်း

ယင်းနောက် ဝန်ကြီးသည် စက်ရုံဝင်းအတွင်း အရိပ်ရလေကာပင်များ၊ စိန်တလုံး သရက်စိုက်ခင်းနှင့် အခြားစားသုံးသီးနှံပင်များ စိုက်ပျိုးထားရှိမှု၊ မီးဘေးလုံခြုံရေး စီမံဆောင်ရွက်ထားရှိမှု၊ ပုံနှိပ်စက်ရုံ အဆောက်အအုံများ ကြံ့ခိုင်ထိန်းသိမ်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကုန်ကြမ်းအလေအလွင့် အနည်းဆုံးနှင့် ပုံနှိပ်အရည်အသွေး ကောင်းမွန်သည့် ကုန်ချောများထုတ်လုပ်ရေး၊ ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ ပိုမိုစနစ်ကျစွာ ထိန်းသိမ်းထားရှိရေး၊ ဝန်ထမ်းအားလုံး၏ သက်သာချောင်ချိရေးတို့အတွက် စက်ရုံမှူးနှင့် ဝန်ထမ်းအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲ ၂နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်ရှိ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး နံရံကပ်စာစောင်များ၊ မှတ်တမ်းတင် ဓာတ်ပုံများ ပြသထားရှိမှု၊ ပညာဘဏ်တိုက်စာကြည့်တိုက်၌ စာအုပ်၊ စာစောင်များ ထိန်းသိမ်းထားရှိမှု၊ စာအုပ်၊ စာစောင်သစ်များ တိုးပွားရေးအတွက် စာငှားစနစ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံသည်။

ကြိုးပမ်းဖော်ဆောင်

ရှေးဦးစွာ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းနှင့် ခရိုင်၊ မြို့နယ် ဦးစီးအရာရှိများက မန္တလေးတိုင်းအတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးနှင့် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအားလုံး သတ်မှတ်စံ(၅)ချက်နှင့် ကိုက်ညီသည့် ရေရှည်တည်တံ့ဖွံ့ဖြိုးသော စာကြည့်တိုက်များ ဖြစ်လာစေရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

မန္တလေးတိုင်း ပြန်/ဆက်ဦးစီးရုံး စစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပို့ကုန်/သွင်းကုန်လုပ်ထုံး[...] သင်တန်းဖွင့်ပွဲ အခမ်းအ[...]

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေ[...]

နေပြည်တော် ဇန်နဝါရီ [...]

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး[...] ဦးစီးဌာန ပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်း [...] အနားကို ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းတွင် စစ်[...] အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာ[...] ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်း[...] တက်ရောက်၍ အမှာစကားပြောကြားပြီး တာ[...] ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းဖွင့်လှစ်[...] ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အခမ်းအနားသို့ တ[...] ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဘောက်သီးစုရပ်ကွက်ရှိ သမဝ[...] စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်တန်းရက်က[...] ရက်ကန်းစက်ရုံတည်ဆောက်မည့် အခြေအနေ၊ သင်တန်[...] ခင်းကျင်းပြီးစီးမှုနှင့် သင်တန်းသား သင်တန်[...] လက်ရက်ကန်းနှင့် ချည်ငင်ခြင်း လက်တွေ့လေ့ကျ[...] ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၁၉-၁-၂၀၁၀

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅	တရားတော် **(မေတ္တသုတ်+ ခန္ဓသုတ်)**
	ဓမ္မပူဇာတေးပဒေသာ
၇:၂၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်းဆောင်းပါး
၈:၁၀	နံနက်ခင်းတေးပဒေသာ
၈:၃၀	ပြောပါရစေရှင်(ပွေ့ချီထားပါရစေ)
၈:၄၀	တေးပဒေသာ
၉:၀၀	အစီအစဉ်ပြီး၏။
၁၀:၀၀	မွေးနေ့လက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၀:၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ကိုက်လန်ကြော်၊ မုန့်လာဥပိုးတီသုပ်နဲ့ အာလူးရွှေဖရုံညွန့်ဟင်းချို)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယခုအပတ်ထုတ် မိုးသောက်ပန်းဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၇

မြဝတီစာပေတိုက်မှ အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသော မိုးသောက်ပန်းဂျာနယ် ဇန်နဝါရီ ၁၂ရက်ထုတ် အတွဲ (၁၂)၊ အမှတ်(၄၄) စာစောင်တွင် ကာတွန်းတင်အောင်နီ၏ ရှက်စရာ၊ ကာတွန်းသန့်စင်၏ ဘဲဥ၊ ကာတွန်းကျော်ထွဏ်း၏ မိရင်တော့လား မျောက်ဖိုးစိန်၊ ကာတွန်းလွမ်းမောင် (သုဝဏ္ဏ)၏ ငရုံမပေးပါနဲ့တော်၊ ကာတွန်းမြေဇာ၏ အထင်တစ်ခု၊ ကဗျာကဏ္ဍတွင် မောင်သဲခေါင်၏ လောကကောင်းကျိုး တို့သယ်ပိုး၊ အင်္ဂလိပ်စာကဏ္ဍတွင် ဦးဦး၏ လွယ်ကူပြောကြား အင်္ဂလိပ်စကား၊ ပုံပြင်ကဏ္ဍတွင် ဦးစော၏ ခက်ခဲခြင်းသုံးမျိုးအကြောင်း၊ ဉာဏ်စွမ်းရည်ကဏ္ဍတွင် ဆုဒိုခုပြိုင်ပွဲများနှင့်အတူ ကဏ္ဍစုံ၊ ရသစုံဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ မိုးသောက်ပန်းဂျာနယ် ဝယ်ယူလိုပါက အမှတ်၁၈၀ ၃၂လမ်း (အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့တို့နှင့် ဖုန်း-၃၇၁၂၄၄နှင့် ၅၅၈၂၇၃တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ဗလငါးတန် ပွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပညာရေးလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်

အဆင့်မြင့်ပညာကဏ္ဍတွင် ပါရဂူသင်တန်းများနှင့် အရည်အသွေးပြည့်ဝရေး သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေး စီစဉ်ပေးခဲ့

နေပြည်တော် ဇန်နဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ရက် မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ထားခဲ့ကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးပြည့်ဝရေးအတွက် အခြေခံပညာကဏ္ဍတွင် အခြေခံဆရာ ဆရာမများ ဘာသာရပ်သင်ကြားရေး မွမ်းမံသင်တန်းများနှင့် အုပ်ချုပ်မှုအရည်အသွေးမြင့်မားရေးအတွက် မြို့နယ်ပညာရေးမှူးများ ကျောင်းအုပ်ချုပ်မှု သင်တန်းတို့ကို ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ကြောင်း၊ အဆင့်မြင့်ကဏ္ဍတွင်လည်း ပါရဂူသင်တန်းများနှင့် အရည်အသွေးပြည့်ဝရေး သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေးတို့ကို စီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်နေသည့် ပညာရေးလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်း ပညာရေးမှူးများက ပြည်နယ်နှင့်တိုင်း အလိုက် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး၊ သင်ကြားရေး၊ ကျောင်းစစ်ဆေးရေး စသည့် လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များက သင်ကြားရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈နာရီခွဲတွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်ရေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပညာရေးကဏ္ဍတွင် အားကစားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက သုတေသန စာတမ်းဖတ်ပွဲများ ဆောင်ရွက်နိုင်မှုနှင့် ပညာရှင်အဖွဲ့ (၁၀)နှစ်မြောက် ဆောင်ရွက်ပြီး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဒေသဖွံ့ဖြိုးရေး အကျိုးပြုလုပ်ငန်းများတွင် အထောက်အပံ့ကောင်းဖြစ်စေမည့် သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရန်၊ သင်ထောက်ကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုကြရန်၊ ဝန်ထမ်းစည်းကမ်း၊ ဝန်ထမ်းကျင့်ဝတ်များကို လေးစားလိုက်နာကြရန်၊ နိုင်ငံတော်က ပေးအပ်လာသော တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။ **(သတင်းစဉ်)**



ပို့ကုန်/သွင်းကုန်လုပ်ထုံးလုပ်နည်း သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ
တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်း ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းတွင် စစ်တွေမြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းဖွင့်လှစ်ပို့ချမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဘောက်သီးစုရပ်ကွက်ရှိ သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်တန်းရက်ကန်းကျောင်းသို့ သွားရောက်၍ ရက်ကန်းစက်ရုံတည်ဆောက်မည့် အခြေအနေ၊ သင်တန်းကျောင်းအဝင် ကွန်ကရစ်လမ်းခင်းကျင်းပြီးစီးမှုနှင့် သင်တန်းသား သင်တန်းသူများ၏ စက်ရက်ကန်း၊ လက်ရက်ကန်းနှင့် ချည်ငင်ခြင်း လက်တွေ့လေ့ကျင့်ခန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇန်နဝါရီ ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒါနန်းမြို့၌ ဇန်နဝါရီ ၁၃ရက်မှ ၁၄ရက်အထိ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး၊ တတိယအကြိမ် အာဆီယံနိုင်ငံရေး၊ လုံခြုံရေးအသိုက်အဝန်း ကောင်စီ အစည်းအဝေးနှင့် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

အာဆီယံဒေသတွင်း လမ်းပန်းဆက်သွယ်မှုအခြေအနေကို အကျွမ်းဝင်သိရှိစေရန် ရည်ရွယ်ချက်ဖြင့် ထိုင်းနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ ပူးတွဲပြုလုပ်သည့် အစီအစဉ်အရ ဝန်ကြီး ဦးဉာဏ်ဝင်းသည် အခြားအာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆူဝမ်နခက်မြို့သို့ အထူးလေယာဉ်ဖြင့်လည်းကောင်း၊ ဆူဝမ်နခက်မြို့မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒါနန်းမြို့သို့ မော်တော်ယာဉ်များဖြင့်လည်းကောင်း သွားရောက်ခဲ့ပြီး အရှေ့-အနောက်စင်္ကြံခရီးလမ်းကြောင်းတစ်လျှောက် လေ့လာမှုများ ပြုလုပ်ခဲ့သည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် ဇန်နဝါရီ ၁၃ရက် ညနေပိုင်းတွင် ဒါနန်းမြို့သို့ ရောက်ရှိကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်း အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေး တက်ရောက်
ဒေသတွင်း ဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေး ပင်မစီမံကိန်းတစ်ရပ် ရေးဆွဲသဘောတူ
အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် ပြည်ပဆက်ဆံရေး ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့

ရှင်းလင်းပြောကြား

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၁၃ရက် ညပိုင်းတွင် ဒါနန်းမြို့ ဖူရာမာရီဆော့ဟိုတယ်၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘောညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းညစာစားပွဲတွင် ဝန်ကြီးသည် အခြားနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ဒေသနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ ကိုပင်ဟေဂင် ရာသီဥတုပြောင်းလဲမှု ထိပ်သီးညီလာခံ၏ ရလဒ်များ၊ နာဂစ်အလွန်ကာလ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့သည်။ ထို့အပြင် ဝန်ကြီးသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်မှုများနှင့် စပ်လျဉ်း၍ အလုပ်သဘော ညစာစားပွဲတွင် ရှင်းလင်းပြောကြားခဲ့သည်။

အမြင်ချင်းဖလှယ်

ဝန်ကြီးသည် ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းတွင် တတိယအကြိမ် အာဆီယံနိုင်ငံရေး- လုံခြုံရေး အသိုက်အဝန်း ကောင်စီအစည်းအဝေးသို့ တက်ရောက်သည်။ အစည်းအဝေးတွင် အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်း ကောင်စီအောက်ရှိ ကဏ္ဍဆိုင်ရာအဖွဲ့များ၏ လုပ်ငန်းတိုးတက်မှုအခြေအနေများအပေါ် အာဆီယံအတွင်းရေးမှူးချုပ်၏ အစီရင်ခံတင်ပြချက်နှင့် အာဆီယံနိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်းကောင်စီ ဆက်သွယ်ရေးအစီအစဉ်တို့အပေါ် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်

သဘောတူညီ

ယင်းနောက် ဝန်ကြီးသည် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အာဆီယံဆက်သွယ်မှု အဆင့်မြင့်လုပ်ငန်းအဖွဲ့အတွက် လုပ်ငန်းတာဝန်ပြဋ္ဌာန်းသတ်မှတ်ချက်များ (Terms of Reference) နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး အစည်းအဝေးမှ ယင်းလုပ်ငန်းတာဝန်ပြဋ္ဌာန်းသတ်မှတ်ချက်များကို အတည်ပြုခဲ့သည်။ အဆိုပါ အဆင့်မြင့် လုပ်ငန်းအဖွဲ့မှ အာဆီယံဒေသတွင်း ဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး ပင်မစီမံကိန်း(Master Plan) တစ်ရပ်ကို ရေးဆွဲ၍ (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြစေရန် သဘောတူညီခဲ့ကြသည်။

တက်ရောက်

ဆက်လက်၍ ဝန်ကြီးသည် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်၍ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် ပြည်ပဆက်ဆံရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။ ယင်းနောက် ဝန်ကြီးသည် ဒါနန်းမြို့ ပြည်သူ့ကော်မတီ ဥက္ကဋ္ဌ Mr. Tran Van Minh က အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် နေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့သည်။

သီးခြားတွေ့ဆုံ

အစည်းအဝေး တက်ရောက်နေစဉ်ကာလအတွင်း ဇန်နဝါရီ ၁၄ရက် နေ့လယ်ပိုင်းတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် အင်ဒိုနီးရှား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Marty Muliana Natalegawa နှင့် သီးခြားတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဆက်လက်ထွက်ခွာ

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒါနန်းမြို့၌ ကျင်းပခဲ့သည့် အာဆီယံ အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် အရှေ့အာရှနှင့် လက်တင်အမေရိကနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ (၄)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ဇန်နဝါရီ ၁၅ရက် နံနက်ပိုင်းတွင် ဒါနန်းမြို့မှ လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အသံ ရေဒီယိုအစီအစဉ်

၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင်(ပွေ့ချီထားပါရစေ)
၈း၄၀	တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ကိုက်လန်ကြော်၊ မုန်လာဥပုံးတီသုပ်နဲ့ အာလူးရွှေဖရုံညွန့်ဟင်းချို)
၁၀း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on Line (အေသင်ချိုဆွေ)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် Current Song(6) တေးပဒေသာ
၁၂း၄၀	ပြုံးပဒေသာ (ဟာသကမ္ဘာ-၄)
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ် (အဋ္ဌမတန်း၊ သင်္ချာအတွဲ-၁) တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	မေတို့တွက်တာ အလှကမ္ဘာ (အိပ်တတ်မှလှမယ်)
၁၇း၁၀	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၇း၄၅	ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ် (၂၃)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ညနေခင်းတေးပဒေသာ
၁၈း၃၀	စာအုပ်စာပေ လူ့မိတ်ဆွေ ၁။ မြန်မာစာဂုဏ်ရည်-ဦးဝမ်ထိန် ၂။ အတ္တကိုထိုးဖောက်ခြင်း စာရေး ဆရာများတေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ဇာတ်လမ်းပမာ နားဆင်စရာ (နှောင်းနောင်တ)
၁၉း၃၀	သူ့ခေတ်သူ့ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	တေးစီးရီး (အရင်လိုစိတ်မချလို့ပါရှင်ရယ် စတီရီယိုတေးသံရှင်များ) စီးပွားရေးဦးတည်ချက်
၂၁း၀၀	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၂၁း၁၅	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပညာရေးကဏ္ဍတွင် အားကစားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက သုတေသန စာတမ်းဖတ်ပွဲများ ဆောင်ရွက်နိုင်မှုနှင့် ပညာရှင်အဖွဲ့ (၁၀)နှစ်မြောက် ဆောင်ရွက်ပြီး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဒေသဖွံ့ဖြိုးရေး အကျိုးပြုလုပ်ငန်းများတွင် အထောက်အပံ့ကောင်းဖြစ်စေမည့် သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရန်၊ သင်ထောက်ကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုကြရန်၊ ဝန်ထမ်းစည်းကမ်း၊ ဝန်ထမ်းကျင့်ဝတ်များကို လေးစားလိုက်နာကြရန်၊ နိုင်ငံတော်က ပေးအပ်လာသော တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။ **(သတင်းစဉ်)**

MNL အမှတ်ပေးပြိုင်ပွဲတွင် တတိယဆုရ ကမ္ဘောဇအသင်းအားဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော ကမ္ဘောဇဘောလုံး အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ည ၇နာရီခွဲက ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ ကမ္ဘောဇဘောလုံးအသင်း CEO ဦးမိုးဆန်းအောင်က အသင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းလွင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ရာ ကမ္ဘောဇဘဏ်လီမိတက် အထွေထွေမန်နေဂျာ ဦးအောင်သူရငွေးက MNL အမှတ်ပေးပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆုရရှိသည့် စိုးမင်းဦးအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်သည့် ဆုကြေး ငွေကျပ်သိန်း ၂၀ကို ကြိုတင်လွှဲပြောင်းပေးအပ်ပြီး ကမ္ဘောဇဘဏ်လီမိတက် အထွေထွေမန်နေဂျာ ဦးအောင်ကျော်မျိုးက ကမ္ဘောဇဘဏ်လီမိတက်က ချီးမြှင့်သည့် ကျပ်သိန်း ၅၀ကို စိုးမင်းဦးအား ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ကမ္ဘောဇဘဏ်လီမိတက် အထွေထွေမန်နေဂျာ ဦးသန်းအောင်က ပြိုင်ပွဲမှရရှိသည့် ကွင်းဝင်ကြေးများအားလုံးကို အသင်းအား ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ကမ္ဘောဇ ဘဏ်လီမိတက် ဒုတိယ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းစိုးက တတိယဆုရရှိသည့် ကမ္ဘောဇအသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်သည့် ဆုကြေး ငွေကျပ်သိန်း ၂၀၀ကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ (၂) ဦးသန်းလွင်က တတိယဆုရ ကမ္ဘောဇဘောလုံးအသင်းအား ကမ္ဘောဇဘဏ်လီမိတက်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၅၀၀ကို ပေးအပ်ချီးမြှင့်သည်။

ကမ္ဘောဇဘောလုံးအသင်းသည် MNL အမှတ်ပေးပြိုင်ပွဲ၌ ရမှတ် ၂၄ မှတ်ဖြင့် တတိယနေရာရရှိခဲ့သည်။

ကမ္ဘောဇဘဏ်လီမိတက် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းစိုးက တတိယဆုရရှိသည့် ကမ္ဘောဇဘောလုံးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်သည့် ဆုကြေးငွေကျပ်သိန်း ၂၀၀ကို ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့လက်ရွေးစင် ဘောလုံးသမားများ မွေးထုတ်ပေးနိုင်ရန်အတွက် နိုင်ငံခြားကစားသမားများမခေါ်ယူဘဲ ပြည်တွင်းကစားသမားဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အသင်းလည်း ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၀၅	၇။	စိတ်လက်အပန်းဖြေ နေပြည်တော် ရေပန်းဥယျာဉ်
၈း၁၅	၈။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၈း၂၅	၉။	မြန်မာစာ မြန်မာစကား
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	အတီးပြိုင်ပွဲ

ညပိုင်း

၄း၀၀	၁။	Myanmar National League MNL Cup(2009) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ဒဲလ်တာယူနိုက်တက်အသင်းနှင့် ဥသာယူနိုက်တက်အသင်း)
၄း၅၀	၂။	အကပဒေသာ
၄း၅၅	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၅း၁၀	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၅။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၅း၂၅	၆။	မွေးကင်းစကလေး ပြုစုစောင့်ရှောက်ရေး (အပိုင်း-၁)
၅း၄၀	၇။	ရုပါတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၈။	ညနေခင်းသတင်း
၆း၁၅	၉။	မိုးလေဝသအခြေအနေ
၆း၂၀	၁၀။	ဆိုကြမယ် ပျော်ကြမယ်
၇း၀၀	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်**(အပိုင်း-၂၆)
၈း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဆုံးလွှမ်းသော ချစ်နှင်းဆီ** (အပိုင်း-၁၇)

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ရူပဗေဒအဓိက ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၌ ၁၉၇၄-၇၈ခုနှစ်အတွင်း ရူပဗေဒဘာသာအဓိကဖြင့် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ သစ်လုပ်ငန်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ကျောင်းသားဟောင်း ဦးအောင်ခိုင်က ကြိုဆိုနှုတ်ဆက်စကား ပြောကြားပြီး ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား စုပေါင်းကန်တော့ကြကာ ဂါရဝပစ္စည်းများ ပေးအပ်ကြသည်။ ထို့နောက် ကွယ်လွန်ပြီးသော ဆရာကြီး၊ ဆရာမကြီးများနှင့် ကွယ်လွန်ပြီးသော ကျောင်းသား ကျောင်းသူဟောင်းများအား ဆုတောင်းမေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် ကန်တော့ခံ ဆရာကြီး ဒေါက်တာစိုးရင်နှင့် ဆရာမကြီး ဒေါ်ညွန့်ညွန့်ဝင်းတို့က ဩဝါဒစကား ပြောကြားပြီး ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ဦးသိန်းဦးက ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

လူကြီးမင်း တယ်လီဖုန်းဆိုင် ကံထူးရှင်ရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၁၇

လူကြီးမင်း တယ်လီဖုန်းဆိုင်၏ ကံထူးရှင်ရွေးချယ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် လူကြီးမင်း တယ်လီဖုန်းဆိုင်များမှ ဒါရိုက်တာ ဦးပြည်စိုးထွန်းက ကံထူးရှင်ရွေးချယ်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် လူကြီးမင်းတယ်လီဖုန်းဆိုင် စတင်ဖွင့်လှစ်သည့် အချိန်မှစ၍ ဝယ်ယူသုံးစွဲကြသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် iphone အမျိုးအစားတယ်လီဖုန်း နှစ်လုံး၊ Nokia (N97) အမျိုးအစားတယ်လီဖုန်း နှစ်လုံး၊ Sony Ericsson (Idou) အမျိုးအစားတယ်လီဖုန်း နှစ်လုံးနှင့် Samsung (Ominia) အမျိုးအစား တယ်လီဖုန်း နှစ်လုံးတို့ဖြင့် ကံစမ်းမဲများ ဖွင့်လှစ်ပေးသည်။ လူကြီးမင်း တယ်လီဖုန်းဆိုင်မှ မြန်မာနိုင်ငံရှိ တယ်လီဖုန်းသုံးစွဲသူ ပြည်သူများအားလုံးအတွက် တယ်လီဖုန်းနှင့်ပတ်သက်သည့် သတင်းအချက် အလက်များကို အခမဲ့ဆွေးနွေးပေးနိုင်ရန်အတွက်ကိုလည်း အစီအစဉ်တစ်ခု ပြုလုပ်နေကြောင်း သိရပြီး ၎င်းတို့၏ တယ်လီဖုန်းဆိုင်များမှ အမျိုးအစားစုံလင်သည့် တယ်လီဖုန်းများကို ဝယ်ယူလိုပါက ရန်ကုန်မြို့တွင် အမှတ်(၁၄၈) လသာလမ်း လသာမြို့နယ် ဖုန်း-၀၁-၃၈၈၇၃၉၊ ၀၉-၅၀-၂၂၂၂၅နှင့် အမှတ် ၁၉(A-B) ပါရမီလမ်း ချော်တွင်းကုန်းလမ်းဆုံအနီး မရမ်းကုန်းမြို့နယ် ဖုန်း-၀၁-၆၅၁၇၂၅၊ ၀၉-၅၁-၉၃၂၅၂တို့နှင့် နေပြည်တော်တွင် အမှတ်(၄/၅) ဗိုလ်ချုပ်လမ်း မင်္ဂလာရပ် နေပြည်တော် ပျဉ်းမနားတို့၌ ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**

ခွာညိုမြိုင်မြိုင် လှိုင်လှိုင်သင်း၊ မြူနှင်းစိုစို လပြာသို

"တိမ်ခြေငယ်ရှင်းပါလို့၊ မြူနှင်းရယ်စိုစို၊ လပြာသိုမှာ
နွယ်ခွာညိုမြိုင်မြိုင်နှင့်၊ လှိုင်လှိုင်သင်းတဲ့လကိုလေး။
ရောင်သီဂီငယ်၊ ကြယ်ညီဖုသျှ၊ မကာရမို့၊ ရွှေဝဥကင်၊
နန်းရင်ပြင်မှာ၊ လုံရင်မြင်းခင်း၊ သဘင်ကျင်းလို့၊ ရာမင်းထွက်စံ၊
ဗိုလ်ညီလာခံသော့ခါ၊ ဆဒ္ဒန်ပိုင့်ပြောင်မွန်မှာ၊
အောင်တံခွန် တေဇာမြူးလို့၊ ထူးလှတယ်လေး။"

ပြာသိုလကို ဗေဒင်အခေါ်အားဖြင့် မကာရရာသီဟုခေါ်ပြီး မကာရဟူသော ပါဠိဝေါဟာရ၏ အဓိပ္ပာယ်မှာ ရေသတ္တဝါဖြစ်သည့် မကန်းငါးနှင့်တူသောရာသီ၊ မကန်းငါးတို့ နှစ်သက်သောရာသီဟု ဆိုလိုပါသည်။ ရာသီရုပ်မှာ ရှေ့ထက်ဝက်၌ သမင်မျက်နှာ၊ နောက်ထက်ဝက်၌ မကန်းငါးရုပ်သဏ္ဌာန်ရှိပါသည်။ ကောင်းကင်ပြင်တွင် ငွေစန္ဒာလမင်းသည် ရွှေရောင်အဆင်းရှိသော ဖုသျှနက္ခတ်နှင့် ယှဉ်ပြိုင်မွန်းတည့်ခြင်း၊ သူရိယနေမင်းသည် ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်ပြိုင်ခြင်း၊ ရာသီပန်းမှာ ခွာညိုပန်းဖြစ်ပြီး ပုစွန်တာရာထွန်းပသော ထိုလတွင် မြန်မာ့နန်းတော်ကြီး၏ နန်းရင်ပြင်တွင် သူရဲကောင်းရွေးပွဲဖြစ်သည့် မြင်းခင်းသဘင်ပွဲတော်ကြီးကို ရာသီပွဲတော်အဖြစ် ခြိမ့်ခြိမ့်သဲကျင်းပကြခြင်း၊ **"နေ့ဝါဆို၊ ညပြာသို"** ဆိုသည့်အတိုင်း နေ့တာတို၍ ညတာရှည်သော ရက်စုံလဖြစ်ခြင်း စသည်တို့ကို ရည်ညွှန်းအကြောင်းပြု၍ မဟာအတုလမင်းကြီးက အထက်ဖော်ပြပါ လွမ်းချင်းဖြင့် ပြာသိုလကို ဖွဲ့ဆိုခဲ့ပေသည်။

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

ပြာသိုလသည် မြန်မာလများတွင် ဆယ်ခုမြောက်လဖြစ်ပြီး ဆောင်းဥတုကာလ၏ အလယ်ဗဟိုကျရောက်သောလဖြစ်၍ ဆောင်းရာသီ လေးလတာကာလတွင် အအေးဆုံးလဟု ဆိုနိုင်ပါသည်။ ယင်းသို့ ပြာသိုလ၏ ချမ်းအေးပုံနှင့်ပတ်သက်ပြီး မီးလှုံ၍လည်းမလုံ၊ စောင်တွေထောင်ရာချီ၍ခြုံသော်လည်း မန္ဒေး၊ ခြုံလေအေးလေ ကြက်သီးတွေတဖြန်းဖြန်းထသောလဟု အဓိပ္ပာယ်ရရှိသည့် **"အသည်းဆွတ်ကြွေ၊ ချမ်းလေပြည်နှင့်၊ တောခြေတောင်ရံ၊ ငှက်ပေါင်းပျံလို့၊ ဝတ်ဆံငယ်ချူသည်၊ မီးပူပူကင်မဝသည့်၊ လပြာသိုဆောင်း၊ ထည်ပေါင်းမှာထောင်ရာ၊ ခြုံလေအေးလေ၊ ကြက်သီးတွေနှင့်"** ဟူ၍ စာဆိုတော်မယ်ခွေကလည်းကောင်း၊ ပြာသိုလတွင် နှင်းများအတန်တန်ကျရောက်သဖြင့် ချမ်းအေးလွန်းသည့်အတွက် ခြုံလွှာပေါင်း ကုဋေကုဋာထပ်ပြီး ခြုံရပါသော်လည်း အချမ်းမလုံသဖြင့် ချမ်းမြဲချမ်းလှကြောင်းကို စာဆိုတော်လူဦးမင်းကလည်း **"မြသာရီကျင်းတော့တယ်၊ ကျနှင်းတန်တန်ကို ဇောနံတောင်နေနှင့် ကုဋေကုဋေခြုံတော့၊ လေးရုံသာပုံ ပြန်တော့မယ်ခု၊ လုံဘဲကို"** ဟူ၍လည်းကောင်း အသီးသီးစပ်ဆိုခဲ့ကြသည်။

ဤပြာသိုလနှင့်ပတ်သက်ပြီး ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါက ရသေ့ညီနောင် ရှင်တစ်ထောင်တို့သည် ထိုပြာသိုလပြည့်နေ့၌ မိမိတို့၏ လွဲမှားသောအယူဝါဒများကို ဖယ်ရှားစွန့်လွှတ်ပြီး ဗုဒ္ဓသာသနာတော်သို့ ကူးပြောင်းရောက်ရှိခဲ့ကြသည့် သာဓကဖြစ်စဉ် ရှိခဲ့ပေသည်။

မဟာသက္ကရာဇ် ၁၀၃ခုနှစ် ပထမဝါကျွတ်ပြီးနောက် ဥရုဝေလတောတွင် သုံးနေရာခွဲ၍ နေထိုင်လျက်ရှိကြသော အစ်ကိုကြီး ဥရုဝေလကဿပခေါင်းဆောင်သော ရသေ့ ၅၀၀၊ အစ်ကိုလတ် နဒီကဿပခေါင်းဆောင်သော ရသေ့ ၃၀၀ နှင့် ညီအငယ် ဂယာကဿပ ခေါင်းဆောင်သော ရသေ့ ၂၀၀ စုစုပေါင်း ရသေ့တစ်ထောင်တို့ကိုချွတ်ရန် ဂေါတမမြတ်စွာဘုရားသည် ဥရုဝေလတောသို့ တန်ဆောင်မုန်းလပြည့်နေ့တွင် ရောက်ရှိတော်မူပြီး ၄င်းတောတွင် ပြာသိုလပြည့်နေ့အထိ နှစ်လကြာမျှ သီတင်းသုံးခဲ့ပါသည်။ ယင်းသို့ မြတ်စွာဘုရားသည် ဥရုဝေလတောသို့ရောက်ရှိသည့်အခါ ဥရုဝေလကဿပထံ နေခွင့်တောင်းရာ နဂါးကြီးရှိသော မီးတင်းကုပ်တွင် နေခွင့်ပေးစဉ်အတွင်း မြတ်စွာဘုရားက နဂါးကြီးအား တန်ခိုးတော်ဖြင့် နှိမ်နင်းပြတော်မူခြင်း၊ မြတ်စွာဘုရားထံသို့ စတုမဟာရာဇ်နတ်မင်းကြီး လေးပါး၊ သိကြားမင်းနှင့် သဟမ္ပတိဗြဟ္မာကြီးတို့ လာရောက်ဖူးမြော်ခြင်း၊ အခါမဲ့မိုးကြီးရွာသွန်းချိန်တွင် ဥရုဝေလတောကြီးတစ်ခုလုံး ရေလွှမ်းမိုးသွားသော်လည်း မြတ်စွာဘုရား၏အနီးသို့ ရေများမရောက်ဘဲ စင်္ကြံကြွနေခြင်းစသည့် အခြင်းအရာများကို ဥရုဝေလကဿပနှင့်နောက်ပါတပည့် ၅၀၀တို့အနေဖြင့် မြင်တွေ့ရသည့်အခါ အံ့ဩစိတ်များ ဖြစ်ပေါ်ခဲ့ကြသည်။

ထို့ပြင် ကိလေသာခေါင်းပါးရန် မီးလှုံခြင်း၊ ရေငုပ်ခြင်းစသော ပဉ္စာတပအကျင့်များကို ကျင့်ကြံနေကြသည့် ရသေ့များသည် ဆီးနှင်းတွေဝေကျပြီး ခိုက်ခိုက်တုန်ချမ်းအေးသော ပြာသိုလအတွင်း သတ်မှတ်ရက်ရှစ်ညတွင် နေရဉ္ဇရာမြစ်အတွင်း သက်ဆင်းရေငုပ်နေကြစဉ် မြတ်စွာဘုရားက ၄င်းတို့အား အအေးဒဏ်မှသက်သာစေရန် မီးအိုးကင်း ၅၀၀ကို တန်ခိုးတော်ဖြင့် ဖန်ဆင်းပေးတော်မူခြင်း၊ ရသေ့များခွဲ၍ မကွဲသောထင်းတုံး ၅၀၀ကို တစ်ပြိုင်နက်ကွဲစေခြင်း၊ ရသေ့များမွှေး၍မရသောမီး ၅၀၀ကို တစ်ပြိုင်နက် တောက်လောင်စေခြင်း၊ ရသေ့များငြိမ်းသတ်၍ မရသောမီး ၅၀၀ကို တစ်ပြိုင်နက်ငြိမ်းစေခြင်း စသည်တို့အပါအဝင် တန်ခိုးတော်စုစုပေါင်း ၃၅၁၆ မျိုးတို့ကို ရသေ့များအား ပြသတော်မူပါသည်။

ထိုသို့ မြတ်စွာဘုရားက တန်ခိုးပြာဋိဟာအမျိုးမျိုးတို့ကို ပြသပြီးနောက် ရသေ့များ ဣန္ဒြေရင့်ကျက်လောက်သည့်အခါ ဥရုဝေလကဿပကြီးအား "သင်သည် အာသဝေါကုန်ခန်း ရဟန္တာမဟုတ်သေး၊ သင်သည်အရဟတ္တမဂ်ရသူမဟုတ်သေး၊ သင်သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရနိုင်ရန် မှန်ကန်သောအကျင့်မရှိသေး" ဟု စကားသုံးခွန်းဖြင့် မြတ်စွာဘုရားက အချက်ကျကျ ထောက်ပြလိုက်သည့်အခါ ထိုစကားသုံးခွန်းကို ကြားလိုက်ရုံမျှဖြင့် ဥရုဝေလကဿပကြီးမှာ အလျှော့ပေးကာ နောက်ပါတပည့် ၅၀၀ နှင့်တကွ မြတ်စွာဘုရားထံ ရဟန်းပြုခွင့်တောင်းကြရာ မြတ်စွာဘုရားက "ဘိက္ခုဝေ= ရဟန်းတို့၊ ဧထ=လာကြကုန်လော့" ဟူသော စကားတော်ကို မိန့်ကြားကာမျှဖြင့် အားလုံး ဧဟိဘိက္ခုရဟန်းများအဖြစ်သို့ ရောက်ရှိကုန်ကြပါသည်။

ဤသို့ဖြင့် ရသေ့အားလုံးတို့သည် မြတ်စွာဘုရားထံသို့ ရဟန်းအဖြစ်ကို တောင်းခံကြပြီးနောက် ၄င်းတို့၏ အသုံးအဆောင်များကို မြစ်ထဲသို့မျှောပစ်ကြကာ ပထမအကြိမ် ဥရုဝေလကဿပနှင့် တပည့် ၅၀၀၊ ဒုတိယအကြိမ် နဒီကဿပနှင့် တပည့် ၃၀၀၊ တတိယအကြိမ် ဂယာကဿပနှင့် တပည့် ၂၀၀ စုစုပေါင်း ရသေ့တစ်ထောင်တို့သည် သုံးသုတ်ခွဲ၍ သာသနာ့ဘောင်သို့ ဝင်ရောက်ကြပြီး ရသေ့တစ်ထောင်လုံး ဧဟိဘိက္ခုရဟန်းချည်း ဖြစ်လာကြပါသည်။ မြတ်စွာဘုရားက ယင်းရဟန်းတစ်ထောင်တို့ကို ဂယာသီသကျောက်ဖျာပြင်၌ **"အာဒိတ္တ ပရိယာယသုတ္တန်ဒေသနာတော်"** ကို ဟောကြားတော်မူရာ ရဟန်းအားလုံး အာသဝေါကုန်ခန်းပြီး ရဟန္တာများအဖြစ်သို့ ရောက်ရှိတော်မူကြပါသည်။ သို့ဖြစ်ရာ ထိုပြာသိုလပြည့်နေ့တွင် အဆိုပါ ရှင်တစ်ထောင်ကျွတ်ပွဲကို နှလုံးမူလျက် မြတ်စွာဘုရားထံနှံ့သာမီးတို့ဖြင့်ပူဇော်ပြီး **အာဒိတ္တပရိယာယ သုတ္တန်ဒေသနာတော်ပါ "မျက်စိဖြင့် အဆင်းကိုကြည့်၍ သာယာခြင်း၊ နားဖြင့် အသံကိုကြား၍ သာယာခြင်း၊ နှာခေါင်းဖြင့်အနံ့ကိုရှူ၍ သာယာခြင်း၊ လျှာဖြင့် အရသာကိုလျက်၍ သာယာခြင်း၊ ကိုယ်ဖြင့် အတွေ့ကိုထိတွေ့၍ သာယာခြင်း၊ စိတ်ဖြင့်ကြည်နူး၍ သာယာခြင်းစသည့် တံခါးခြောက်ပေါက်ကို လုံခြုံအောင်ပိတ်လျက် မီး ၁၁ပါးမှ ငြိမ်းအေးကြစေရေး"** အတွက် ပွားများအားထုတ်ကြရမည် ဖြစ်ပေသည်။

ဤ ငွေနှင်းစိုစိုလပြာသိုတွင် မြန်မာဘုရင်များလက်ထက်က မြင်းခင်းသဘင်ပွဲတော်ကို ရာသီပွဲဖြင့် ကျင်းပခဲ့ကြရာတွင် မြင်းခင်းခြင်းအပြင် ဆင်တပ်၊ မြင်းတပ်များခင်းကျင်းခြင်း၊ ဓားခုတ်၊ လှံထိုးနှင့် သိုင်းအမျိုးမျိုး ယှဉ်ပြိုင်ခြင်းတို့ကို တစ်ပွဲပြီးတစ်ပွဲ ကျင်းပခဲ့ကြသည်။

ယင်းသို့ မြင်းခင်းသဘင်ကျင်းပပုံနှင့် စပ်လျဉ်းပြီး ဝန်ကြီးဦးဖြေက ပြာသိုလဖွဲ့ လေးချိုးတွင်-

"ရာသီငယ်သာမြွေ၊ ခါမလေ့မှာ၊ သပြေ့ဥကင်၊ ရာဘုရင်လဲ၊ သဘင်ကျင်းခံ၊ မြင်းခင်းစံဟု၊ အလျှံကိုးထွေ၊ ဖြိုးသရေနှင့်၊ မိုးမြေနိမ့်ယောင်၊ တပ်ပေါင်းဆောင်လို့၊ ပျံခေါင်မာတင်၊ မျှို့ဥကင်ထက်၊ ဗိုလ်ဝင်ထွက်ပေါ်၊ မနောလဲပျော်တော့ပ၊ ဖော်ရံကာငယ်၊ မဟာမှူးပုံမတ်ရံက" ဟု လည်းကောင်း၊ ဆည်သည်ရွာစား ဦးအောင်ကြီးက ပြာသိုလလူးတားတွင်-

"နွယ်ပန်းပွင့်လို၊ လပြာသိုကား၊ မိန့်ညိုချပ်ဝတ်၊ လျောက်ပတ်ဆောင်ယောင်၊ မှူးခေါင်မတ်ဖျား၊ မင်းသား၊ မင်းမြေး၊ ဆုန်းရေးမှတ်လျက်၊ စွယ်ယုက်ချိတ်ငင်၊ မွမ်းဖြင်တိုက်လွတ်၊ ပတ်ပတ်ဝန်းကျင်၊ ခြေလျင်ခြေချင်း၊ မြင်းလည်းမြင်းလျှောက်၊ ထိုးမြှောက်လှံလေး၊ ခုန်ထွေးသံရှင်၊ စိုင်းနှင်ကြွားကြွား၊ ဓားသွားနတ်ငင်၊ သဘင်မြင်းခင်း၊ စစ်အင်ကျင်းသည်။ ။ စီးနင်းကြော့လန်းလန်းတည့်လေ" ဟုလည်းကောင်း အသီးသီးဖွဲ့ဆိုခဲ့ကြပေသည်။

ဤသို့စာဆိုရှင်များ၏ မှတ်တမ်းတင်ရေးဖွဲ့ခဲ့သော စာပန်းချီရေးသားချက်များပါ မြင်းခင်းသဘင်ပွဲများကို ရှေးခေတ် မြန်မာဘုရင်များအနေဖြင့် သာမန်ပျော်ပွဲရွှင်ပွဲအဖြစ်သာ ဆင်နွှဲခဲ့ကြခြင်းမဟုတ်ဘဲ မိမိတိုင်းပြည်နှင့်လူမျိုး၊ မိမိနိုင်ငံတော် ကာကွယ်ရေးအတွက် ကျန်းမာကြံ့ခိုင်ပြီး မြင်းရေး၊ ဆင်ရေးနှင့် ဓားခုတ်၊ လှံထိုးကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်တို့ကို ဖော်ထုတ်ပေးသော မြန်မာ့ရိုးရာ စစ်ရေးပြိုင်ပွဲတစ်ရပ်အဖြစ် ကျင်းပခဲ့ခြင်း ဖြစ်ပြီး ယင်းပြိုင်ပွဲမှ ကျွမ်းကျင်သည့် သူရဲကောင်းများ ပေါ်ထွက်လာရေးကိုဦးတည်၍ ကျင်းပခဲ့ကြခြင်းဖြစ်ပေသည်။ ယင်းမြင်းခင်းသဘင်တွင် ထူးချွန်သော လူစွမ်းကောင်း၊ သူရဲကောင်း မင်းညီမင်းသားများအား ဆုတော်ငွေများသာမက မြို့စား၊ ရွာစားရာထူးများကိုပါ ချီးမြှင့်မြှောက်စားခဲ့ကြပါသည်။

သို့ဖြစ်ရာ ခွာညိုပန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် လှိုင်လှိုင်သင်းကြလျက် ပတ်ဝန်းကျင်တစ်ခိုဝယ် မြူနှင်းများ စိုကာချမ်းအေးလှသည့် ဤပြာသိုလအခါသမယတွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော **"အာဒိတ္တ ပရိယာယ သုတ္တန်ဒေသနာတော်"** ကို နှလုံးသွင်းနာယူကြပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊အမှတ်(၃)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group က တစ်နိုင်ငံလုံးသို့ ဖြန့်ချိထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ယခုဆယ်စုနှစ်အတွင်း လူများ၏ ကျန်းမာရေး၊ ဗဟုသုတ အသိအမြင်ကျယ်ပြန့်တိုးပွားလာခြင်းနှင့်အတူ မြန်မာနိုင်ငံ၏စားသုံးဆီ ထုတ်လုပ်ထုပ်ပိုးမှုနှင့် ရောင်းဝယ်မှု ထူးထူးခြားခြားပြောင်းလဲလာပြီး ဈေးကွက်ယှဉ်ပြိုင်မှုကြီးထွားလာသည့် အခြေအနေကို စူးစမ်းမေးမြန်းလေ့လာတင်ပြထားသည့် "စားသုံးဆီဈေးကွက်ထူးထူးခြားခြားယှဉ်ပြိုင်မှု ကြီးထွားလျက်ရှိ၊ ၂၁ရာစု လူနေမှု ဘဝပုံစံပြောင်းလဲလာခြင်းနှင့်အတူ ဆီစားသုံးမှုကို ရွေးချယ်လာကြ" မျက်နှာဖုံးသတင်းဆောင်းပါး၊ ကမ္ဘာ့စီးပွားရေး၊ အာရှစီးပွားရေး ပြောင်းလဲတိုးတက်မှု ဂယက်ရိုက်ခတ်သည့် အကျိုးဆက်က မြန်မာ့စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု အခြေအနေကို လေ့လာစေ့ငုထားသည့် "တစ်ဦးချင်းစီ ဝင်ငွေကောင်းမှ ဝယ်လိုအားတက်မည်၊ ဝယ်လိုအားတက်မှ ရောင်းလိုအား ဈေးကွက်ဖွံ့ဖြိုးမည်" သတင်းဆောင်းပါး၊ မြန်မာ့မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်၏ ကမ္ဘာ့အပူကျဆီး အများဆုံး မြေလျှင်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သော ဟေတီမြေလျှင်ဖြစ်ပွားမှုကို အခြေခံကာ ကမ္ဘာနှင့် မြန်မာနိုင်ငံ မြေလျှင်လှုပ်ရှားမှုဇုန်များ၊ ဘေးအန္တရာယ်ကျရောက်နိုင်မှု အလားအလာတို့ကိုသိပုံနည်းကျ ဆန်းစစ်တင်ပြထားသည့် "ဟေတီနှစ်သစ်ကို မျက်ရည်ဖြင့်ကြိုရသူ" ဆောင်းပါး၊ ဆရာမောင်ဝံသ၏ "လူသားအားလုံး၏ ရန်သူ"၊ အောင်(ဆေး-၁)၏ "အဖြစ်များရောဂါ ကာကွယ်ပါ"၊ ဒေါက်တာ စိန်စိန်သိန်း၏ "ကျွန်မချစ်သောမြစ်တစ်စင်း"၊ ဒေါက်တာနေဇင်လတ်၏ "နိုင်ငံတော်ဟုဆိုရာတွင်" စသည့် သိသင့်သိထိုက် လေ့လာသင့်လေ့လာထိုက်သော ဆောင်းပါးများနှင့်အတူ ရထားလမ်းများနှင့် ဆက်စပ်သည့် နေရာများတွင် ရိုက်ကူးသည့် ရုပ်ရှင်၊ဗီဒီယို၊ ဗွီစီဒီအားလုံး မြန်မာ့မီးရထားမှ ခွင့်ပြုချက်ပါရမည်၊ ပန်းဆိုးတန်းကုန်တိုက်ကြီးအား ရန်ကုန်မြို့၏ အကြီးဆုံးစူပါမားကက်ကုန်တိုက်ကြီးအဖြစ် ပြောင်းလဲဖွင့်မည်၊ ဆိုမာလီပင်လယ်ဓားပြများ၏ လက်မှ လွတ်မြောက်လာသည့် သင်္ဘောဒုတိယအင်ဂျင် နီယာ ဦးလှချစ်နှင့်တွေ့ဆုံခြင်း၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းကြီး ဖွဲ့စည်း တည်ထောင်ပြီ၊ မြစ်ကြီးနားတွင် စီးပွားရေးဇုန် ပူးပေါင်းဖွင့်လှစ်ရန် ယူနန်ကုန်သည်များ အဆိုပြုစသည့် သိမှတ်ဖွယ်ရာသတင်းများ ဝေဝေဆာဆာ ဖော်ပြထားသည်။ ***(သတင်းစဉ်)***

မုံရွေး-ကြေးမုံ အခြေခံပညာအထက်တန်းကျောင်း

အဌမအကြိမ် အာစရိယပူဇော်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် မုံရွေး-ကြေးမုံ အခြေခံပညာအထက်တန်းကျောင်း၏ အဌမအကြိမ် အာစရိယပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ပြောကြား

အခမ်းအနားတွင် ကန်တော့ခံ ဆရာဆရာမကြီး ၆၂ဦးတို့အား ကျောင်းသားကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြသည်။ ထို့နောက် ကန်တော့ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာမကြီး ဒေါ်ခင်ခင်၊ ဆရာမကြီး ဒေါ်အုန်းမေနှင့် ဆရာကြီး ဦးသန်းစိန်တို့က ဆုံးမဩဝါဒစကားပြောကြားကြသည်။

လှူဒါန်းနိုင်

အဆိုပါကျောင်း၏ အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပသွားမည်ဖြစ်ရာ ပူဇော်ပွဲအတွက် ငွေပဒေသာပင်အဖြစ် လှူဒါန်းလိုပါက ဦးဝင်းကျော်ထွန်း မုံရွေးစာအုပ်တိုက် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၇၀၇၂၊ ဦးဇော်လွင်မောင် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁-၁၉၆၂၂နှင့် ဦးဝင်းမြင့် ဂန္ဓဝင်ပျိုးခင်း ကြေးမုံရွာ ဖုန်း-၀၉-၂၀-၃၇၄၅၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၆)ရပ်ကွက် ရွှေသူဌေးလမ်း အမှတ် ၄၅၈ နေ ဦးထွန်းဉာဏ်-ဒေါ်စောရီတို့၏သား မောင်ခင်မောင်ထွေး မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

စီးပွားရေးဆိုင်ရာ ဒီပလိုမာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

ပြည်တွင်း၊ ပြည်ပတွင် အောင်မြင်သော စီးပွားရေးပညာရှင်များ ဖြစ်လာစေရန် သင်ကြားမှုပုံစံသစ်ဖြစ်သည့် Activity, Task, Assignment ပုံစံတို့ဖြင့် စာတွေ့ လက်တွေ့ ဟန်ချက်ညီသင်ကြားသည့် သင်ရိုးညွှန်းတမ်းဖြင့် Level -3 အဆင့် စီးပွားရေးဆိုင်ရာ ဈေးကွက်နှင့် စီမံသင်တန်းကို နိုင်ငံတကာ Business Management & Marketing ဘာသာရပ်အတွေ့အကြုံရှိ ဆရာများက စာတွေ့၊ လက်တွေ့ ဟန်ချက်ညီ သင်ကြားပို့ချမည့် သင်တန်းကို Noble Nine Education က ဇန်နဝါရီ ၂၇ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

စဉ်ဆက်မပြတ် သင်ကြားမှုပုံစံဖြင့် သင်တန်းကာလ တက်ရောက်ပြီးဆုံးပါက ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင် အခွင့်အလမ်း သာလွန်ကောင်းမွန်သော Level -3 အဆင့် ဒီပလိုမာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး ၂၀၀၉ခုနှစ်နောက်ပိုင်း အများစုစိတ်ပါဝင်စားသည့် Business Resources, Management Accounting, Internet Marketing, e-business, Team Development, Working in Administration, Projects, Computer Application for Financial Management ဘာသာရပ်များပါဝင်သည့် Unit-18 ခု သင်ကြားမည်ဖြစ်သည်။

ရရှိမည်

အဆိုပါ သင်တန်းပြီးဆုံးသူများအနေဖြင့် Noble Nine က ပေးအပ်သော Certificate နှင့် စင်ကာပူသမ္မတနိုင်ငံရှိ Sunderland College က ပေးအပ်သော ဒီပလိုမာ Certificate တို့ကိုပါ ရရှိမည်ဖြစ်သည်။

ဆက်သွယ်နိုင်

သင်တန်းတက်ရောက်လိုသူများသည် အခြေခံပညာ အထက်တန်းအဆင့်၊ တက္ကသိုလ်၊ ကောလိပ် တက်ရောက်နေသူများပါ လျှောက်ထားနိုင်မည်ဖြစ်ပြီး အထူးအစီအစဉ်အဖြစ် သင်တန်းကြေးကို ၃၀ ရာခိုင်နှုန်းလျှော့၍ လက်ခံမည်ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက အမှတ် (၇) ဝတ်ကျောင်းလမ်း ရေကျော်ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၆၉၁၅၊ ၀၉-၅၀-၁၁၆၁၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

မန်စီနီအတွက် ပရီမီယာလိဂ် သင်ခန်းစာ

ရေးသူ - မောင်မောင်မြင့်ဆွေ ၊ စာမျက်နှာပွဲ့စည်းမှု -လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

လန်ဒန် ဇန်နဝါရီ ၁၇

ပရီမီယာလိဂ်ပွဲစဉ် ၁၀ပွဲကို ရှုံးပွဲ မရှိစေရဟု မန်စီနီစကားဆိုခဲ့သည်။ မိမိ၌နည်းပြကောင်းတစ်ဦး၏ အရည်အချင်းများ အပြည့်ရှိသည်ဟုယုံကြည်ခဲ့သည်။ မိမိစွမ်းရည်ကို စိတ်ချယုံကြည်စွာဖြင့် ပရီမီယာလိဂ်သို့ မန်စီးတီးနည်းပြအဖြစ် ခြေချခဲ့သည်။ ယခုမူ ပရီမီယာလိဂ်ပြိုင်ပွဲများ၏ အခြေအနေက မန်စီနီကို သဘောပေါက်သွားစေပြီဖြစ်သည်။

အိမ်ပြန်ခဲ့ရ

ဇန်နဝါရီ ၁၆ရက်က ပရီမီယာလိဂ် ပွဲစဉ် (၂၂) အဖြစ်အဝေးကွင်း၌မန်စီးတီးတို့ အဲဗာတန်နှင့် ယှဉ်ပြိုင်ခဲ့ရသည်။ အဲဗာတန်ခြေစွမ်းကို အလေးထားပြီး အဓိက ဘောလုံးသမားများသာ ပွဲထုတ်ခဲ့သည်။ ရလဒ်ကောင်းမွန်ရေး စနစ်တကျခြင်းကျင်းယှဉ်ပြိုင်စေခဲ့သော်လည်း အဲဗာတန်တို့ပေးသော သင်ခန်းစာများကို ရင်မှာပိုက်ပြီး အမှတ်ဗလာဖြင့် မန်စီးတီးတို့ အိမ်ပြန်ခဲ့ရသည်။

မန်စီးတီးနည်းပြအဖြစ် မန်စီနီ တာဝန်ယူသည့် ပထမဆုံးပွဲမှာ ဝုဖ်အသင်းနှင့် ယှဉ်ပြိုင်ရသော ပွဲဖြစ်သည်။ ပွဲဦးထွက် သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သဖြင့် လာခြင်းကောင်းသည်ဟု မန်စီနီယူဆခဲ့သည်။ တစ်ဖန် အက်ဖ်အေဖလားပွဲစဉ်အဖြစ် မစ်ဒယ်ဘရော့ကွင်း၌ သွားရောက်ကစားခဲ့သည့်ပွဲ၌လည်း တစ်ဂိုး-ဂိုးမရှိဖြင့် မန်စီးတီးတို့နိုင်ခဲ့သည်။ တစ်ဖန် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် အိမ်ကွင်း၌ ဆန်းဒါးလန်းအား လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အိမ်ကွင်း၌ပင် ဘလက်ဘန်းနှင့် ကစားရသော ပွဲစဉ်၌ လေးဂိုး-တစ်ဂိုးဖြင့် သိက္ခာရှိစွာ အနိုင်ယူခဲ့သည်။

ပထမဆုံးရှုံးပွဲ

လေးပွဲဆက်တိုက် အနိုင်ယူခဲ့ပြီးနောက် ပဉ္စမမြောက် ပွဲစဉ်အဖြစ် အဲဗာတန်နှင့် ယှဉ်ပြိုင်သည့်အခါ ချေပဂိုးတစ်ဂိုးမျှ မသွင်းနိုင်ဘဲ နှစ်ဂိုးပြတ်ဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ မန်စီးတီးနည်းပြအဖြစ် ပထမဆုံး ရှုံးပွဲကြုံတွေ့ရခြင်းဖြစ်၍ ပရီမီယာလိဂ်၏ ရှုံးပွဲအရသာကို ပထမဆုံးအကြိမ် ခံစားခဲ့ရသည်။

မန်စီနီစွမ်းရည်

အီတလီနိုင်ငံ ဂျီဆီမြို့၌ ၁၉၆၄ ခုနှစ် နိုဝင်ဘာ ၂၇ရက်၌ မွေးဖွားခဲ့သည့် မန်စီနီသည် နည်းပြအဖြစ် အီတလီစီးရီးအေ ကလပ်များဖြစ်သော ဖီအိုရင်တီးနား၊ လာဇီယိုနှင့် အင်တာမီလန်တို့၌ တာဝန်ယူခဲ့သည်။ စီးရီးအေတွင် အင်တာမီလန်အသင်း ၂၀၀၆၊ ၂၀၀၇နှင့် ၂၀၀၈ ဘောလုံးရာသီများ၌ စီးရီးအေဖလားကို သုံးကြိမ်ဆက်တိုက် ရယူပေးနိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။ အင်တာမီလန်ကိုလည်း ချန်ပီယံလိဂ် ၁၆သင်း အဆင့်အထိ ပို့ဆောင်ပေးခဲ့ရာ မန်စီနီ၏ စွမ်းရည်ကို လျှော့တွက်၍ မရချေ။

သတိပြုရမည်

စီးရီးအေအသင်းများ ကစားဟန်သည် ပရီမီယာလိဂ်၌ ယှဉ်ပြိုင်နေသည့် ပုံစံနှင့် ကွာခြားသည်။ စီးရီးအေသည် ဘောလုံးသမား တစ်ဦးချင်းစွမ်းရည်အပြင် အင်အားသုံးကစားခြင်းဖြစ်သည်။ ပရီမီယာလိဂ်၌မူ တစ်ဦးချင်းထက် အုပ်စုဖွဲ့မြန်နှုန်းမြင့် ထိုးဖောက် တိုက်စစ်ဆင်ကစားခြင်းဖြစ်ရာ အနိုင်အရှုံး ပွဲရလဒ်သည် ကြိုတင်ခန့်မှန်း၍ မရနိုင်။ ပုံသေလူအခင်းအကျင်းဖြင့်လည်း ယှဉ်ပြိုင်၍မရ။ ဘောလုံးသမားများနှင့် နည်းဗျူဟာများ အမြဲတမ်း ပြောင်းလဲကစားနေရသည်။ သို့သော် နည်းဗျူဟာသစ်ကို ချက်ချင်းပြောင်းလဲအသုံးပြု၍လည်း မဖြစ်ပြန်။ နည်းပြမန်စီနီသတိပြုရပေတော့မည်။

ဝန်ခံခဲ့

အဲဗာတန်နှင့်ပွဲ၌ မန်စီးတီးတို့ ရှုံးခြင်းမှာ တိုက်စစ်မှူးများကို စနစ်တကျ ထည့်သွင်း အသုံးမပြုခဲ့ခြင်းကြောင့်ဖြစ်သည်ဟု နည်းပြမန်စီနီကဝန်ခံခဲ့သည်။ ထို့အပြင် အဲဗာတန်အသင်း၏ ကစားအားကို လျှော့တွက်မိခဲ့ခြင်းလည်း ပါဝင်ကြောင်း၊ အဲဗာတန်၏ ကစားဟန်သည် ခန့်မှန်းရခက်ကြောင်း ပွဲအပြီး၌ မန်စီနီက ဖွင့်ဟပြောကြားခဲ့သည်။

သင်ခန်းစာကောင်း

တစ်ဖန် ပရီမီယာလိဂ်၌နည်းပြအဖြစ် ရေရှည်ရပ်တည်နိုင်ရေး မိမိတွင်လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း၊ မိမိသင်ခန်းစာကောင်းရရှိခဲ့သည်ဟု မှတ်ယူကြောင်း မန်စီနီကပြောကြားသည်။

ပရီမီယာလိဂ်၌ ကစားသမားများ စွမ်းရည်ထက်မြက်ရန်၊ ပွဲတိုင်းရလဒ်ကောင်းစေရန် အချိန်ပြည့်ကြိုးစားနေရပြီး အနိုင်အရှုံးသည် နည်းပြအပေါ် ရာခိုင်နှုန်းပြည့်တာဝန်ရှိသည်ကိုလည်း မိမိ သဘောပေါက်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့ရာ မန်စီးတီးအောင်မြင်မှုရရှိရေး မန်စီနီအတွက် ယခုပွဲရလဒ်သည် သင်ခန်းစာကောင်းပင်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ပို့စ်မောက်တိုက်စစ်မှူး အူတာကာအား ဆဲလ်တစ်ကခေါ်ယူရန် ပစ်မှတ်ထား



လန်ဒန် ဇန်နဝါရီ ၁၇

ပို့စ်မောက်အသင်းမှ အသက် ၂၅နှစ်အရွယ်ရှိ နိုင်ဂျီးရီးယားတိုက်စစ်မှူး ဂျွန်အူတာကာအား ဆဲလ်တစ်အသင်းနည်းပြ တိုနီမော်ဘရေးကခေါ်ယူရန်ပစ်မှတ်ထား နေကြောင်းအင်တာနက်သတင်း၌ဖော်ပြသည်။

ဆန္ဒပြင်းပြ

အူတာကာသည် ၂၀၀၇ခုနှစ်က ပြင်သစ်လိဂ်အသင်း ရင်းနက်စ်မှ ပို့စ်မောက် အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီးအသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုခဲ့သူဖြစ်သည်။ အူတာကာ၏ လစာသည် ခေါ်ယူလိုသော အသင်းအတွက် အတားအဆီးသဖွယ် ဖြစ်နေသော်လည်း ငွေကြေး အကျပ်အတည်းကြုံနေသော ပို့စ်မောက်အသင်းကမူ ကစားသမားများ အစွံထုတ် ရောင်းချရန် ဆန္ဒပြင်းပြလျက်ရှိသည်။

(အင်တာနက်)

ဂိုးသမားဘင်ဖော်စတာအား မန်ယူအငှားမချဟုဆို

လန်ဒန် ဇန်နဝါရီ ၁၇

မန်ယူအသင်းနည်းပြ ဖာဂူဆန်သည် ဂိုးသမား ဘင်ဖော်စတာအား အခြားအသင်းသို့ အငှားမချဟု သတင်း၌ဖော်ပြသည်။

အသက် ၂၆နှစ်ရှိ ဘင်ဖော်စတာသည် ရာသီအစတွင် မန်ယူအသင်း၏ နံပါတ်တစ်ဂိုးသမားနေရာကို ရရှိခဲ့သော်လည်း ယခုအခါတွင်မူ ဗန်ဒါဆားနှင့် ကုဇက်တို့၏ နောက်သို့ရောက်ရှိကာ နေရာမရဖြစ်နေသည်။

ပွဲစဉ်များ

သို့သော်လည်း မန်ယူအသင်း အက်ဖ်အေဖလားပြိုင်ပွဲကို ကျောခိုင်းခဲ့ရပြီးနောက် မန်စီးတီးအသင်းနှင့် ကာလင်းဖလား အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည့် ပွဲစဉ်သည် လက်ကျန်ဘောလုံးရာသီတွင် ဖော်စတာလက်စွမ်းပြရမည့် ပွဲစဉ်များဖြစ်လာဖွယ်ရှိသည်။

(အင်တာနက်)

ထင်ကျော်ထက်-စုစည်းသည်

နည်းပြမက်ကလစ်ချ်အား ဘာမင်ဂမ်ထပ်မံစာချုပ်လို

လန်ဒန် ဇန်နဝါရီ ၁၇

ဘာမင်ဂမ်အသင်းကို ရာသီအစကတည်းက ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော နည်းပြအဲလက်စ်မက်ကလစ်ချ်အား ဘာမင်ဂမ်အသင်းက စာချုပ်သစ် ထပ်မံချုပ်ဆိုမည်ဟုဆိုသည်။ ပြီးခဲ့သော ဘောလုံးရာသီက ဘာမင်ဂမ်အသင်းကို ပရီမီယာလိဂ်သို့ တန်းတက်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သူ အသက် ၅၁နှစ်ရှိ စကော့တလန်လူမျိုး မက်ကလစ်ချ်သည် ဘာမင်ဂမ်အသင်းကို ပရီမီယာလိဂ်တွင် အဆင့်(၈)နေရာ၌ ရပ်တည်နိုင်အောင် နည်းပြနိုင်ခဲ့ပြီး ၁၃ပွဲ ရှုံးပွဲမရှိအောင် ဦးဆောင်လမ်းပြနိုင်ခဲ့သည်။

ဘာမင်ဂမ်အသင်း၏ ဘုတ်အဖွဲ့က အသင်းနှင့်စာချုပ်သက်တမ်း ၁၈လသာ ကျန်တော့သော မက်ကလစ်ချ်အား စာချုပ်သစ်ထပ်မံချုပ်ဆိုလိုသည်ဟု အသင်း၏ အမှုဆောင်အရာရှိ မိုက်ကယ်ဒွန်းဖို့ဒ်က ပြောကြားသည်။ (အင်တာနက်)

ကွင်းလယ်ကစားသမား ဂါလင်ဒိုအား အာဆင်နယ်စာချုပ်ခေါ်ယူ

လန်ဒန် ဇန်နဝါရီ ၁၇

အာဆင်နယ်အသင်းသည် ရီးရဲအမေရိကအသင်းမှ ဘိုလီးဗီးယား ဆယ်ကျော်သက် ကွင်းလယ်ကစားသမား ဆမ်မြူယယ်ဂါလင်ဒိုအား ထုတ်ဖော်ကြေညာခြင်းမရှိသော ပြောင်းရွှေ့ကြေးဖြင့် စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

သက်လုံကောင်း

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် အသင်းသို့ရောက်ရှိလာသော အသက် ၁၇နှစ်အရွယ်ဂါလင်ဒိုအား အသင်းတစ်သင်းသင်းသို့ အငှားချထားရန် ရည်ရွယ်ထားသည်ဟုဆိုသည်။ ဂါလင်ဒိုသည် နည်းစနစ်ကောင်းမွန်ကြောင်း၊ အရပ် ၆ပေ ၂လက်မရှိပြီး လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်ရှိကာ ဘယ်သန်ဖြစ်ပြီး သက်လုံကောင်းကြောင်း အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

(အင်တာနက်)

တိုက်စစ်မှူး ဇာကီ ဟူးလ်စီးတီးနှင့် အငှားစာချုပ်ရန် ဆွေးနွေးနေ

လန်ဒန် ဇန်နဝါရီ ၁၇

ဟူးလ်စီးတီးအသင်းသည် အီဂျစ်တိုက်စစ်မှူး အမီရ်ဇာကီအား အငှားစာချုပ်ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း အသင်းပိုင်ရှင် အဒမ်ပီယာဆန်က ဘီဘီစီသို့ပြောကြားခဲ့သည်။

ပါဝင်မဆင်နွှဲနိုင်

လွန်ခဲ့သော ဘောလုံးရာသီက အသက် ၂၆နှစ်ရှိ ဇာကီသည် ၄င်းကစားနေသော အီဂျစ်အသင်း ဇာမာလက်ခ်မှ ဝီဂန်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားစဉ် ၁၁ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဇာကီသည် ဒဏ်ရာကြောင့် အီဂျစ်အသင်းနှင့်အတူ အာဖရိက နိုင်ငံများဖလားတွင် ပါဝင်မဆင်နွှဲနိုင်ခဲ့ချေ။ **(အင်တာနက်)**

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဂျိုကိုးလ်အား မန်စီးတီးခေါ်ယူနိုင်မည်ဟု ရေပန်းစား

မန်စီးတီးသည် ယခုနွေရာသီတွင် ချယ်လ်ဆီးမှ ဂျိုကိုးလ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူစာချုပ်ခြင်းဖြင့် မြို့ခံ မန်ယူအသင်းနှင့် စပါးအသင်းတို့ထက် လက်ဦးမှု ရယူနိုင်ရန် ရေပန်းစားလျက်ရှိကြောင်း ဆန်းဒေးမေးရာ၌ ဖော်ပြသည်။

လီဗာပူးမှ ထွက်ခွာရန် ဂျရတ်စဉ်းစားနေ

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်သည် လီဗာပူးအသင်း၏ ရလဒ်ဆိုးရွားမှုများကို ငြီးငွေ့လာပြီးနောက် အန်ဖီးလ်မှထွက်ခွာရန် စဉ်းစားလျက်ရှိကြောင်း၊ ရီးရဲမက်ဒရစ်၊ အင်တာမီလန်နှင့် မန်စီးတီးအသင်းတို့ကလည်း ခေါ်ယူရန် အသင့်ရှိနေကြကြောင်း မေးလ်အွန်ဆန်းဒေးတွင် ဖော်ပြသည်။

ခံစစ်မှူး ဆိုင်မွန်ကေဂျာအား စပါးစာချုပ်ရေး နီးစပ်

စပါးအသင်းသည် ယခုဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်တွင် ပါလာမိုအသင်းမှ ပေါင် ၁၁သန်းတန် ခံစစ်မှူး ဆိုင်မွန်ကေဂျာအား တိုက်ရိုက်ဆွေးနွေး၍ စာချုပ်ခေါ်ယူရေး ကြိုးပမ်းမှုမှာ နီးစပ်လာပြီဖြစ်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

မန်စီးတီးသို့ မပြောင်းရွှေ့လိုဟု ဒီမာရီယာ ဖွင့်ဟ

ဘင်ဖီကာအသင်းမှ အသက် ၂၁နှစ်အရွယ်ရှိ တောင်ပံကစားသမား အိန်ဂျယ် ဒီမာရီယာသည် ပြောင်းရွှေ့ကြေး ပေါင် ၃၈သန်းဖြင့် မန်စီးတီးမှ ကမ်းလှမ်းခေါ်ယူမှုကိုခံခဲ့ရပြီးနောက် ၄င်းအနေဖြင့် မန်စီးတီးသို့ မပြောင်းရွှေ့လိုဟု ဖွင့်ဟပြောကြားခဲ့ကြောင်း ဆန်းဒေးမေးရာတွင် ဖော်ပြသည်။

ဆန်းဒါးလန်းမှ ရစ်ချတ်ဆန်အား ဘာမင်ဂမ်ခေါ်ယူလို

ဆန်းဒါးလန်းတောင်ပံကစားသမား ကီရန်ရစ်ချတ်ဆန်အား ဘာမင်ဂမ်အသင်းက ခေါ်ယူလိုကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။

နစ္စတယ်ရိုင်း ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ဖွယ်

ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရိုင်းသည် တူရကီအသင်း ဂါလာတာစာရေးသို့ ပေါင်လေးသန်းဖြင့် ပြောင်းရွှေ့မည့်အစား ပရီမီယာလိဂ်သို့ ပြောင်းရွှေ့လိမ့်မည်ဖြစ်ကြောင်း ဒေးလီးမေးရာတွင် ဖော်ပြသည်။

ဘိုအာတန်အား ဆန်းဒါးလန်းခေါ်ယူရေး ပျက်သိမ်းဖွယ်

ဆန်းဒါးလန်းအသင်းသည် ပို့စ်မောက်ကွင်းလယ်ကစားသမား ကီဗင်ပရင့်စ်ဘိုအာတန်အား ခေါ်ယူလိုသော်လည်း ပို့စ်မောက်က ပြောင်းရွှေ့ကြေး ပေါင် ခုနစ်သန်း ဆိုထားသည့်အတွက် ပေါင်ငါးသန်းထက်ပိုမပေးလိုသည့် နည်းပြ စတီဗ်ဘရစ်က စာချုပ်ခေါ်ယူရေးကို ဖျက်သိမ်းဖွယ်ရှိကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။

မစ်ဒယ်ဘရော့မှ ဂျွန်ဆင်အား ဝူလ်ဟာဟမ်တန်ကမ်းလှမ်း

ဝူလ်ဗာဟမ်တန်အသင်းသည် မစ်ဒယ်ဘရော့တောင်ပံကစားသမားအဒမ်ဂျွန်ဆင်အား ပေါင်ခြောက်သန်းခွဲဖြင့် ခေါ်ယူရန်ကမ်းလှမ်းခဲ့ကြောင်း၊ အင်္ဂလန် အသက် ၂၁နှစ်အောက် လက်ရွေးစင်အသင်းကြယ်ပွင့် ဂျွန်ဆင်အား ချယ်လ်ဆီးအပါအဝင် အခြားအသင်းများက ခေါ်ယူလိုကြကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြသည်။

စတုတ်မှ ဝီလ်ကင်ဆန်အား နည်းပြကွိုင်လီ မျက်စိကျနေ

ဘော်လ်တန်နည်းပြသစ် အိုဝင်ကွိုင်လီသည် စတုတ်စီးတီးအသင်းမှ အသက် ၂၅ နှစ်အရွယ် ခံစစ်မှူး အန်ဒီဝီလ်ကင်ဆန်အား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။

ကျန်းမာရေးကြောင့် ကြိုးဝိုင်းသို့ဝင်ရေး ဟက်တန်လက်လွှတ်ခဲ့ရ

ဗြိတိန်လက်ဝှေ့အကျော်အမော် ရစ်ကီဟက်တန်သည် ကျန်းမာရေးကြောင့် ကြိုးဝိုင်းတွင်းသို့ ပြန်လည်ဝင်ရောက်ရေးကို လက်လွှတ်ခဲ့ရပြန်ပြီဖြစ်ကြောင်း အင်တာနက်တွင် ဖော်ပြသည်။

လက်ဝှေ့သရဖူများ နော်တန် ကာကွယ်နိုင်ခဲ့

လက်ဝှေ့ကျော် ရှောဘ်နော်တန်သည် စိန်ခေါ်သူလက်ဝှေ့သမား ဒေးဗစ်ဒိုလန်နှင့် ပြန်လည် ယှဉ်ပြိုင်ထိုးသတ်ကာ ၄င်း၏ဗြိတိသျှခရူဇာဝိတ်သရဖူနှင့် ခေသဟာယခရူဇာဝိတ်သရဖူများကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

အာဖရိကနိုင်ငံများဖလား အနိုင်/အရှုံးရလဒ်

အာဖရိကနိုင်ငံများဖလားကို ဆက်လက်ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်က အုပ်စု(ခ)ပြိုင်ပွဲတွင် အိုင်ဗရီကို့စ်က ဂါနာကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဇန်နဝါရီ ၁၆ရက်က အုပ်စု(ဂ)ပြိုင်ပွဲတွင် နိုင်ဂျီးရီးယားက ဘီနင်ကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အီဂျစ်က မိုဇမ်ဘစ်ကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၁၇

ကျောက်တန်းအထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ကျောက်တန်းမြို့ အထကကျောင်းသားကျောင်းသူဟောင်းများ၏ ငွေရတုမြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ကျောက်တန်းမြို့ အသောကာရာမစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

မင်္ဂလာဒုံ အလက(၁) မြတ်ဆရာပူဇော်မည်

ယခင်အလက(၁)မင်္ဂလာဒုံ ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မတ် ၂၇ရက် နံနက် ၉ နာရီတွင် (ယခင် အလက-၁)ယခု အထက(၅) မင်္ဂလာဒုံ၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၇ခုနှစ်မှ ၁၉၈၇ခုနှစ်အထိ အထက(၁)မင်္ဂလာဒုံ၌ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာကြီး ဆရာမကြီးများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

မိုးမိတ်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

မိုးမိတ်မြို့နယ်အသင်း၏ ပဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံတောင်မင်းလမ်း အမှတ် ၉၀ သာသနာ့ရာမိကာ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သဖြင့် အသင်းသူအသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

မြို့မကျောင်းသား/သူဟောင်းများ၏ မြန်မာ့ရိုးရာထမနဲပွဲ

မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းက ကြီးမှူးကျင်းပမည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲပွဲကို ဇန်နဝါရီ ၂၉ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း အမှတ် ၆ရှိ မြတ်မွန်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ထမနဲပွဲနှင့်ပတ်သက်၍ ဖုန်း-၂၅၀၁၅၃သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးညှိနှိုင်းမည်

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ စာသင်နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၃ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

စုစည်းရေးသားသူ - ဝင်းကျော်

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြော

ဒီဇင်ဘာ ၁၁ရက်က သနပ်ပင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲတွင် ပဲခူးတိုင်း ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး ဝင်းညွန့် ဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)



အထက(၃) မရမ်းကုန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (ပညာရေး)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ဟိုပင် ဇန်နဝါရီ ၁၇

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၁၀နာရီက ဟိုပင်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲဝင်ကလေးများအား ဒေါက်တာမြင့်လွင် ဦးဆောင်သော ဆရာဝန်အဖွဲ့က ကျန်းမာရေးစစ်ဆေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုရကလေးများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ပြိုင်ပွဲဝင်ကလေးများအား အာဟာရကျွေးမွေးပြီး ဆပ်ပြာမှုန့်ထုပ်များ ပေးဝေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စက်ဘီးနှင့် အဝတ်အထည်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ စက်ဘီးနှင့် အဝတ်အထည်များ လှူဒါန်းခြင်း အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အထက(၂)စံပယ်ခန်းမ၌ ဇန်နဝါရီ ၁၂ရက် နံနက် ၉ နာရီက ကျင်းပသည်။

လက်ခံ

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မြဝင်းက အဖွင့်အမှာစကားပြောကြားပြီး စက်ဘီးအစီး ၂၀နှင့် အဝတ်အထည်များကို ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက လက်ခံယူသည်။ **(၁၀၃)**

အင်းစိန်မြို့နယ် အမှတ်(၁၁) အခြေခံပညာအလယ်တန်းကျောင်းအတွက် ကျောင်းအကျိုးတော်ဆောင်နာယက ဖော့ကန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ဇန်နဝါရီ ၃ရက်တွင် ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးလှသိန်းက လက်ခံယူစဉ်။ (၁၁၃)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ပျံကျဈေးသည်များကြောင့် လမ်းပိတ်ဆို့နေ

စာတည်းရှင့်-

ရန်ကုန်တိုင်း တွံတေးမြို့နယ် အိုးဖိုအရှေ့ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဦးပေါ်ဦးလမ်းမပေါ်တွင် နေ့စဉ်နေ့တိုင်း နံနက်မှ ညအထိ ပျံကျဈေးသည်များ၏ လမ်းပိတ်ဆို့ဈေးရောင်းချမှုကြောင့် လမ်းသွားလမ်းလာများနှင့် အများပြည်သူများ သွားလာရခက်ခဲပြီး၊ ယာဉ်အသွားအလာများပိတ်ဆို့၍ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပေါ်နေပါ၍ ကျူးကျော်ဈေးတန်းများအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

သားရေနံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

နေပြည်တော်တပ်ကုန်း မြဝတီရပ်ကွက် နယ်မြေ(၁၃)ရှိ သားရေကန်များ၌ သားရေများကို ဆေးဆိုးခြင်းနှင့် သိုလှောင်ခြင်းများကြောင့် အနီးဝန်းကျင်တွင် နေထိုင်သော သက်ကြီးရွယ်အိုများနှင့် မိသားစုများမှာ အပုပ်နံ့များ နေ့စဉ်ရှူရှိုက်နေရပါပြီး ကျန်းမာရေး ထိခိုက်ရပါ၍ အဆိုပါ သားရေလုပ်ငန်းကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူများ

ဂိမ်းဆိုင်မှမီးစက်သံ နားမခံနိုင်

စာတည်းခင်ဗျား-

တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) ရပ်ကွက် သီလလမ်းထိပ်ရှိ အိမ်တစ်အိမ်တွင်ဖွင့်ထားသော တီဗွီဂိမ်းဆိုင်မှ မီးစက်သည် နေ့ရောညပါ နားမခံသာအောင် ဆူညံနေပါသဖြင့် ပတ်ဝန်းကျင်၌ နေထိုင်သူများ အနှောင့်အယှက် ဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

စိတ်အနှောင့်အယှက်ဖြစ်ရသူများ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် ဗိုလ်သူရလမ်းမကြီးတစ်လျှောက်ရှိ ရေနုတ်မြောင်းမကြီးသည် ကွမ်းရွဲတန်းလမ်းထိပ်တွင်ပိတ်ဆို့၍ သုံးရေ၊ ချိုးရေ၊ မသန့်ရှင်းသောရေများဖြင့် ဗွက်အိုင်ကြီးဖြစ်နေကာ မကောင်းသောအနံ့အသက်ဆိုးများ ထွက်ရှိနေပါသဖြင့် ကျန်းမာရေးထိခိုက်ရပါသောကြောင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

လမ်းမိသားစုများ

မြစ်ကြီးနား-ဆင်ဘိုရေယာဉ် ပြန်လည်ပြေးဆွဲပေးစေလို

စာတည်းခင်ဗျား-

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် မြစ်ကြီးနား-ဆင်ဘို ခရီးစဉ်ကို ၂၀၀၁ခုနှစ်အထိ ဟံသာဝတီ၊ စီပီဘီ စသည့်ရေယာဉ်များဖြင့် ပြေးဆွဲနေရာ ယခုအခါ ပြေးဆွဲခြင်း မပြုတော့သည့်အတွက် ခရီးသည်များ အခက်တွေ့နေကြရာ သွားလာမှုချောမွေ့လွယ်ကူစေရေးနှင့် ကုန်စည်စီးဆင်းမှုမှန်ကန်စေရေးအတွက် ယခင်ကကဲ့သို့ ရေယာဉ်များပြန်လည်ပြေးဆွဲပေးပါရန် တင်ပြအပ်ပါသည်။

ဆင်ဘိုသား

တံတားဖြတ်သန်းခ သတ်မှတ်နှုန်းဖြင့် ကောက်ခံစေချင်

စာတည်းခင်ဗျား-

ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးယှက်နွယ် အဆင်ပြေစေရန် ဆောက်လုပ်ထားသော မိုးကောင်းတံတားကြီးပေါ်၌ တံတားဖြတ်သန်းခကို သတ်မှတ်နှုန်းဖြင့် ကောက်ခံခြင်းမရှိဘဲ မော်တော်ကားများအား ဖြတ်သန်းခအဖြစ် ကားတစ်စီးလျှင် ကျပ်၂၀၀၀မှ ကျပ်၁၅၀၀၀အထိလည်းကောင်း၊ ဆိုင်ကယ်တစ်စီးလျှင် ကျပ် ၅၀၀ဖြင့်လည်းကောင်း ကောက်ခံနေပါ၍ သတ်မှတ်နှုန်းဖြင့် ကောက်ခံနိုင်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားများ

လောင်စာဆီကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းရှင့်-

ကောလင်းမြို့ပေါ်ရပ်ကွက်ရှိ လမ်းမကြီးနှင့်လမ်းသွယ်များတွင် တရားမဝင်လောင်စာဆီ သိုလှောင်ရောင်းချနေပါသဖြင့် ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ်စိုးရိမ်ရပါ၍ လောင်စာဆီရောင်းချမှုကို တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

ရော်ဘာအပုပ်နံ့များကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင့်-

သံဖြူဇရပ်မြို့နယ် ကြံ့ခိုင်ရေးရပ်ကွက်အနောက်ပိုင်း အောင်ဆန်းလမ်းမကြီး (သံဖြူဇရပ်မှ ကျိုက္ခမီသို့သွားသောကားလမ်း)နံဘေးတွင် တည်ရှိသည့် နေအိမ်တစ်အိမ်မှ စီးပွားဖြစ်ရော်ဘာလုပ်ငန်းလုပ်နေရာမှ စွန့်ပစ်သော ရော်ဘာအပုပ်ရည်များကြောင့် ရေတွင်းများပျက်စီးခြင်း၊ ၎င်းအပုပ်ရည်များကြောင့် ခြင်များပေါက်ပွားခြင်းတို့ကြောင့် ပတ်ဝန်းကျင်၌နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ၎င်းရော်ဘာလုပ်ငန်းကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

အနံ့ဆိုးများ ဖြေရှင်းဆောင်ရွက်ပြီး

၇-၁၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် စံပယ်ဦးနယ်မြေတွင် အမဲဆီချက်စက်ရုံမှ နေ့ရောညပါ အမဲဆီချက်နေခြင်းကြောင့် အဆိုပါအမဲဆီချက်စက်ရုံအား သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန်** ပေးစာနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဈေးသည်ကြောင့်လမ်းပိတ်ဆို့မှု ဆောင်ရွက်ပြီး

၁၀-၈-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ငူမြို့ (၁၉)ရပ်ကွက် လမ်းမပေါ်က ဈေးသည်ကြောင့် လမ်းပိတ်ဆို့မှုဖြစ်ရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

အီလက်ထရွန်နစ်နှင့်ကွန်ပျူတာနည်းပညာပြပွဲကြီး
၃၁-၁-၂၀၁၀ မှ ၃-၂-၂၀၁၀
Smart Business Group, Ph:01 663837, 09 50 99079, 09 86 20600









ကုန်စည်ပြပွဲကျင်းပမည်

မုံရွာမြို့	၂၇-၁-၂၀၁၀ မှ ၃၁-၁-၂၀၁၀
ကလေးမြို့	၄-၂-၂၀၁၀ မှ ၈-၂-၂၀၁၀
ရေဦးမြို့	၁၂-၂-၂၀၁၀ မှ ၁၆-၂-၂၀၁၀
ရွှေဘိုမြို့	၂၀-၂-၂၀၁၀ မှ ၂၄-၂-၂၀၁၀
ရွှေမြခသည်	

စာဆိုတော်နေ့အထိမ်းအမှတ် ရေကြည်တွင် စာပေဟောပြော

ရေကြည် ဇန်နဝါရီ ၁၇

ရောဝတီတိုင်း ရေကြည်မြို့ လွတ်လပ်ရေးနေ့နှင့် စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲကို ရေကြည်မြို့ မြို့နယ်ခန်းမတွင် ဇန်နဝါရီ၄ရက်ညက ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေဟောပြောပွဲဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် စာပေချစ်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဟောပြောပွဲဖြစ်မြောက်ရေးကော်မတီကိုယ်စား ဦးသန်းတင့်က ကျေးဇူးတင်အမှာစကား ပြောကြားပြီး စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က မီးအိမ်ရှင် စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိသော သုတ၊ ရသစာအုပ်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစာကြည့်တိုက်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးဒေါ်မြစီက လက်ခံယူသည်။ **(ယာပုံ)** ဆက်လက်၍ စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာနန္ဒာသိန်းဇံ၊ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)နှင့် သန်လျင်မောင်မောင်ဦးတို့က စာပေရေးရာများ ဟောပြောကြသည်။

(မြန်မာ့အလင်း)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့ အမှတ်(၂)ရပ်ကွက် ကူးတို့ ဆိပ်လမ်းနှင့် ကျုံဒိုးဈေးရှေ့လမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က အဆိုပါမုခ်ဦး၌ကျင်းပရာ ကော့ကရိတ်ခရိုင် ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဒေသ သောက်သုံးရေရရှိရေး သာစည်မြို့နယ်၌ စက်ရေတွင်းတူးဖော်ဖွင့်လှစ်

သာစည် ဇန်နဝါရီ ၁၇

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်တူးဖော်ပေးခဲ့သော မြင်းကွက်အနောက်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက်၉နာရီက မြင်းကွက်အနောက် ကျေးရွာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးပေါက်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

တူးဖော်ပေးခဲ့

အဆိုပါ စက်ရေတွင်းမှာ သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ကုန်ကျငွေ ကျပ်၂၈သိန်း ကျော်အကုန်အကျခံ၍ တူးဖော်ဆောင်ရွက်ပေးခဲ့သော စက်ရေတွင်းဖြစ်ပြီး အနက်ပေ ၂၂၀တွင် ရေချိုတစ်နာရီ ဂါလန် ၁၂၀၀ထွက်ရှိကြောင်း သိရသည်။

(ဝဇ၄)

သဃ်န်းကျွန်းမြို့နယ် အမှတ်(၁၅) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အသက် ၅နှစ်မှ ၁၀နှစ်) အကပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရ စတုတ္ထတန်းမှ မောင်ဟိန်းစိုးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဦး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

နတ်တလင်းမြို့နယ်အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အခြားထူးချွန်ဆုပေးပွဲများကို ဖေဖော်ဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားလမ်း (တောင်ဘက်မုခ်အနီး)ရှိ ရန်ကုန်မြို့ စည်ပင်သာယာရေးကော်မတီမွှာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင် သက်ကြီးပုဂ္ဂိုလ်များ၊ အသင်းသူအသင်းသားများ၏ သားသမီးများအနက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ဂုဏ်ထူးရရှိသူများနှင့် ထူးချွန်ဆုရသူများ၊ ဂုဏ်ပြုခံအသင်းဝင်ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အထောက်အထားစာရွက်စာတမ်းများ၊ အမှတ်စာရင်းမိတ္တူများနှင့်အတူ ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ ဒေါ်ဝင်းကြည် ဖုန်း-၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း ဖုန်း-၆၆၆၂၇၈၊ ဦးမောင်မောင်မြင့်ဖုန်း-၂၂၂၂၆၀၊ ဦးခင်အောင် ဖုန်း-၆၁၁၀၄၅၊ ဦးမြင့်ဆွေ ဖုန်း-၅၁၈၀၈၆နှင့် အသင်းတိုက် ဖုန်း-၀၉-၈၆-၁၇၈၇၈၆တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဇန်နဝါရီ ၉ရက်က ဗဟန်းမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် စတုတ္ထတန်း ပထမဆုနှင့် ကျောင်းလုပ်ငန်း ဘက်စုံဖွံ့ဖြိုးရေး ထူးချွန်ဆုရ စတုတ္ထတန်းမှ မခင်မျိုးနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေးမာလွင်က ဂုဏ်ပြုဆုပေးအပ်စဉ်။ (ပညာရေး)

ပဲခူးတွင် စာပေဟောပြောပွဲကျင်းပ

ပဲခူး ဇန်နဝါရီ ၁၇

ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် မော်ကန် ၁၂လမ်းနှင့် ၁၃လမ်းထိပ်တွင် စေတနာရှင် လူငယ်များ၏အစီအစဉ်ဖြင့် ကျေးဇူးကြီးလှ မိနှင့်ဖ မေတ္တာဂုဏ်ရည်စာပေဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ရက် ည ၇နာရီက အဆိုပါလမ်းထိပ်မွှာရုံ၌ ကျင်းပ သည်။

ဟောပြော

ဟောပြောပွဲ အခမ်းအနားမစမီ ရန်ကုန်မြို့ အောင်စည်းဇိမ် ကျောက်မျက် ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကြီးမိသားစုကိုယ်စား ကုမ္ပဏီမန်နေဂျာက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဦးကျော်နိုင်(ဇောတိကသစ်စက်)က လက်ခံယူသည်။ ထို့နောက် ဟောပြောပွဲကျင်းပရာ စာရေးဆရာများဖြစ်ကြသည့် ဆရာမင်းယုဝေ၊ ဆရာလယ်တွင်းသားစောချစ်နှင့် စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း) တို့က ကျေးဇူးကြီးလှ မိနှင့်ဖ မေတ္တာဂုဏ်ရည်အကြောင်းနှင့်ပတ်သက်၍ ဟောပြော ကြသည်။

(ဝ၆၀)

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ။

လွတ်လပ်ရေးနေ့အခမ်းအနား လပွတ္တာ၌ကျင်းပ

လပွတ္တာ ဇန်နဝါရီ ၁၂

လပွတ္တာခရိုင် လပွတ္တာမြို့ (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၄နာရီ မိနစ်၂၀က လပွတ္တာမြို့ ဘုရင့်နောင်ရိပ်သာရှေ့နှင့် ရတနာအားကစားကွင်း၌ကျင်းပသည်။

သဝဏ်လွှာဖတ်ကြား

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို လပွတ္တာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည်(**အောက်ပုံ**)က ဖတ်ကြားခဲ့ပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာ၊ပန်းချီ၊စာစီစာကုံးနှင့် အားကစားပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ရွှေကျင်မြို့နယ် လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌဦးသိန်းဦးက ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

မီးကြွင်းမီးကျန်
မရှိရန်
ကျင့်ကြံသတိ
အမြဲရှိ

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ဆီမီး၉၉၀၀အဖွဲ့ (၃၇)ကြိမ်မြောက် ပူဇော်ပွဲအတွက် ဒေသခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်-ဒေါ်သီသီတင်၊ သားသန့်တင်အောင်၊ အောင်ဇော်ဖြိုးမိသားစုက ငွေကျပ်တစ်သိန်း၊ တပ်ဖွဲ့ဝင်မိသားစုများက ငွေကျပ်နှစ်သောင်း စုစုပေါင်းငွေကျပ် ၁၂၀၀၀၀ကို ဇန်နဝါရီ ၉ရက်က ဆီမီး၉၉၀၀ အဖွဲ့ရုံးခန်းမ၌ပေးအပ်ရာ အဖွဲ့နာယက ဦးစိုးဝင်း(သတင်းထောက်စဥ့်ကူစိုးဝင်း)နှင့် ဥက္ကဋ္ဌဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က လက်ခံယူကြစဉ်။ (၁၂၇)

ပြင်စလူမြို့နယ် ရွှေအုပ်စု ဝွေးချောင်းစုစည်းရွာ စာကြည့်တိုက် ဆောက်လုပ်မှုစစ်ဆေး

မြောင်းမြ ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်း မြောင်းမြခရိုင်အတွင်း နိုင်ငံတော်ပံ့ပိုးငွေ၊ ကျေးရွာပြည်သူများနှင့် အလှူရှင်များ ထည့်ဝင်ငွေဖြင့် ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်လျက်ရှိရာ ဒီဇင်ဘာ၁၄ရက်က မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်သည် ပြင်စလူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးလွင်နှင့်အတူ ပြင်စလူမြို့နယ် ရွှေအုပ်စု ဝွေးချောင်းစုစည်းရွာစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေး

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဒေါ်လှကြည်သည် ရွှေအုပ်စုဥက္ကဋ္ဌ ဦးကျော်မင်းနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ဆောက်လုပ်ရာတွင် စံချိန်စံညွှန်းပြည့်မီရေး၊ အချိန်မီပြီးစီးရေး၊ စံ(၅)ချက်နှင့်ညီသည့် စာကြည့်တိုက်ဖြစ်ရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေးနှင့် စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူရေးတို့ကို ဆွေးနွေးခဲ့သည်။ ***(ခရိုင် ပြန်/ဆက်)***

ထားဝယ်တက္ကသိုလ်
နဝမအကြိမ် ဘွဲ့နှင်းသဘင်ကြေညာချက်

ထားဝယ်တက္ကသိုလ်မှ ၂၀၀၈-၂၀၀၉ပညာသင်နှစ်အတွက် ၂၀၀၉ခုနှစ် မတ်လနှင့် စက်တင်ဘာလတွင်ကျင်းပခဲ့သော တတိယနှစ် (၂၀၀၆)၊ စတုတ္ထနှစ်ဥပဒေ (၂၀၀၅)၊ ဒုတိယနှစ်ဂုဏ်ထူးတန်း (၂၀၀၅)၊ မဟာဒုတိယနှစ် (၂၀၀၂)၊ မဟာသုတေသန (၂၀၀၀+၀၁)စာမေးပွဲများ ဖြေဆိုအောင်မြင်ပြီးသူများသည် နဝမအကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူရန် လျှောက်ထားနိုင်ကြသည်။

ဘွဲ့နှင်းသဘင်ကြေး	- ၁၅၀၀ိ/-
အဝေးရောက်ဘွဲ့ကြေး	- ၁၀၀၀ိ/-
လျှောက်လွှာပိတ်မည့်ရက်	- ၂၀-၁-၂၀၁၀ရက် (ဗုဒ္ဓဟူးနေ့)

မှတ်ချက်
(၁) လျှောက်ထားသူများသည် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂×၁½)လက်မအရွယ် ဓာတ်ပုံနှစ်ပုံ ပူးတွဲ၍ လျှောက်ထားရမည်။
(၂) အခြားသောပညာသင်နှစ်များတွင် ဘွဲ့စာမေးပွဲ အောင်မြင်ခဲ့သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
(၃) ဘွဲ့နှင်းသဘင်လျှောက်လွှာကို ကိုယ်တိုင်လာရောက် တင်သွင်းသူများသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားတို့ကိုတင်ပြ၍ ထားဝယ်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် တင်ပြလျှောက်ထားရမည်။
(၄) ဘွဲ့ကြေးများကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ထားဝယ်တက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။
(၅) ထားဝယ်မြို့နယ်မှ စာတိုက်ငွေပို့လွှာဖြင့် ဘွဲ့နှင်းသဘင်ကြေး ပေးသွင်းခြင်းကို လုံးဝခွင့်မပြုပါ။
(၆) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ စာမေးပွဲအောင်မြင်သည့်ခုနှစ် စသည်တို့ကို တိကျစွာ ဖော်ပြရမည်။
(၇) အသေးစိတ်အချက်အလက်များကို ထားဝယ်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် စုံစမ်းနိုင်ပါသည်။

နဝမအကြိမ်ဘွဲ့နှင်းသဘင်အစီအစဉ်

ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ရက်	-	(နံနက်ပိုင်း) ၄-၂-၂၀၁၀ရက် (ကြာသပတေးနေ့)နံနက်၉နာရီ
		(နံနက်ပိုင်း) ၅-၂-၂၀၁၀ရက် (သောကြာနေ့) နံနက် ၉နာရီ
ကျင်းပမည့်ရက်	-	(နံနက်ပိုင်း) ၆-၂-၂၀၁၀ရက် (စနေနေ့)နံနက် ၉နာရီ
		(နံနက်ပိုင်း) ၇-၂-၂၀၁၀ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီ

တင်မောင်ဦး
မော်ကွန်းထိန်း၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ထားဝယ်တက္ကသိုလ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
ပင်လုံတက္ကသိုလ်

ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

ပင်လုံတက္ကသိုလ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ၂၀၀၉ ခုနှစ် မတ်လတွင်ကျင်းပခဲ့သော ဒုတိယနှစ် မဟာတန်း (၂၀၀၂-အပထအောင်)စာမေးပွဲနှင့် ၂၀၀၉ ခုနှစ် စက်တင်ဘာလတွင်ကျင်းပခဲ့သော တတိယနှစ် (၂၀၀၆-အပထအောင်) ဝိဇ္ဇာ/သိပ္ပံ ဘွဲ့စာမေးပွဲများ၊ စတုတ္ထနှစ် ဥပဒေဘွဲ့ (၂၀၀၅-အပထအောင်)စာမေးပွဲအောင်မြင်ခဲ့ကြသူများသည် ပင်လုံတက္ကသိုလ်၌ ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ယူရန်နှင့် အဝေးရောက်ဘွဲ့လျှောက်လွှာများတင်သွင်းလျှောက်ထားနိုင်သည်။

ဘွဲ့နှင်းသဘင်ကြေး

တက်ရောက်ဘွဲ့ကြေး	-၁၅၀၀ိ/-
အဝေးရောက်ဘွဲ့ကြေး	-၁၀၀၀ိ/-
လျှောက်လွှာတင်သွင်းမည့်ရက်	-၁၂-၁-၂၀၁၀ ရက်မှ ၁၈-၁-၂၀၁၀ ရက်အထိ

မှတ်ချက်
(၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်လျှောက်ထားရမည်။
(၂) လွန်ခဲ့သော သုံးလအတွင်းရိုက်ကူးထားသော(၂"×၁.၅")ရောင်စုံ ဓာတ်ပုံ သုံးပုံ ပူးတွဲ၍လျှောက်ထားရမည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို ပင်လုံတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ စသည်များကိုတိကျစွာဖော်ပြလျှောက်ထားရမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့်ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
(၅) ဘွဲ့လျှောက်ထားရာတွင် တင်သွင်းရမည့်ဓာတ်ပုံများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားရိုးရာဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသောဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။
(၆) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
(၇) အသေးစိတ်အချက်အလက်များကို ပင်လုံတက္ကသိုလ် တယ်လီဖုန်းနံပါတ်-၀၈၁-၃၀၄၅၁၊ ၃၀၄၅၄၊ ၃၀၄၅၇၊ ၃၀၂၄၅၊ ၃၀၆၉၇ တို့တွင် စုံစမ်းနိုင်ပါသည်။

မြင့်ဗိုလ်
လက်ထောက်မော်ကွန်းထိန်း
စာမေးပွဲနှင့် ဘွဲ့နှင်းဌာန
ပင်လုံတက္ကသိုလ်။

ဆရာစောထွန်း

အဝလွန်သူများ အဆီချပေးသည်။ ရေဖျဉ်းချပေးသည်။
နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ။
တိုက်-၅၉၁၊ အခန်း ၄၀၂၊
အုန်းတောဘုရားလမ်း၊ဟံသာရိပ်မွန်အိမ်ရာ၊ ဆင်မလိုက်၊
ကမာရွတ်မြို့နယ်၊ ဖုန်း-၆၈၀၃၃၄။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးရုံး
တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ ဦးစီးဌာန လက်အောက်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ)တွင် နှစ်ထပ်သံကူကွန်ကရစ် စာသင်ဆောင် (၁၈၈ပေ×၄၈ပေ) နှစ်ဆောင် ဆောက်လုပ်နိုင်ရန်အတွက် ချိပ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို B.Q နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။
၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ အကူအညီရယူနိုင်ပါသည်။
၄။ တင်ဒါပုံစံများကို ၁၈-၁-၂၀၁၀ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ချိပ်ပိတ်တင်ဒါများကို ၃၁-၁-၂၀၁၀ရက် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။
၅။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ ရန်ကုန်၊
ဖုန်း-၀၁-၅၅၇၄၉၅၊ ၀၁-၅၄၄၉၄၈။
B.Q စစ်ဆေးရေးအဖွဲ့၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊
ရုံးအမှတ်- ၂၁၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၄၁၈၁၊ ၀၆၇-၄၀၄၄၅၉။
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
ဖုန်း-၀၁-၆၈၅၂၆၆၊ ၀၁-၆၈၅၂၇၇။

အမည်ပြောင်း

အဖ ဦးခုပ်ခန့်ဟန်၏သားဖြစ်သူ ကလေးမြို့ အလက(၁)အဋ္ဌမတန်း(D) တွင် ပညာသင်ကြားနေသော မောင်ထန်ခင်းကပ်တွိုင်အား မောင်ထန်ခင်းကပ်တွောင် ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ထန်ခင်းကပ်တွောင်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅စီ၊ မြေကွက်အမှတ် ၆၇၊ မြေကွက်တည်နေရာ အမှတ်၃၄၊ ပန်တျာလမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ် Tan Han Bo အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် Tan Han Bo နှင့် ဇနီး ဒေါ်မမတို့ ကွယ်လွန်သဖြင့် ၁။ဦးမျိုးမင်း ၁၂/ဒဂန(နိုင်)၀၂၇၁၅၀နှင့် ၂။ ဒေါ်စန်းစန်းမြင့် ၁၂/ဒဂန (နိုင်) ၀၂၆၀၇၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

အောင်စကြာဓမ္မရိပ်သာတည်ဆောက်ခြင်းအတွက်လှူဒါန်းနိုင်

မဟာဓမ္မကထိက ဗဟုဇနဟိတရေ အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယဆရာတော် ဦးဆောင်တည်ဆောက်သော လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတားမြို့နယ်များတွင် တစ်ကြိမ်တစ်ခါမှမရှိခဲ့ဖူးသေးသော လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ ပေ(၉၀×၇၀) လေးထပ်ဝိပဿနာ မဟာဓမ္မာရုံတော်ကြီးသည် သုံးထပ်သို့ရောက်ရှိနေပါပြီ။ တစ်ထပ်လုံးကို ကျပ်သိန်း ၁၀၀၀၊ ဘုရားနှင့် ဘုရားဆောင်တစ်ခုလုံးကို ကျပ်၇၅သိန်း၊ (၂၀×၁၅)ပေ အုတ်နံရံတစ်ခန်း ကျပ်၂၅သိန်း၊ တိုင်တစ်လုံးကို ကျပ်၁၀သိန်း၊ လှျာထိုးကြမ်းခင်း တစ်ထပ်ကို ကျပ်သိန်း၂၀၀၊ စတီးလ်ဝရန်တာ (၃×၂၀)ပေကို ကျပ်လေးသိန်းဖြင့် အောင်စကြာ ဓမ္မရိပ်သာဖုန်း-၀၁-၂၂၄၆၈၁၊ ၀၉-၅၁၁၈၅၃၀တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြပါပြီ။

တိုက်ခန်းရောင်းမည်

(၁၂.၅×၅၅) ပေ၊ (ပထမထပ်)၊ စက်တွင်းလမ်း၊ အလုံ၊ (ညှိနှိုင်းဈေး)။
ဖုန်း-၀၉-၉၉၂၀၅၀၁၊
၀၉-၅၁၈၉၆၄၁။

တိုက်ခန်းရောင်းမည်

(၁၂½×၅၀)ပေ၊ (ပထမထပ်)၊ ပြင်ဆင်ပြီး ညှိနှိုင်းဈေး၊ ၁၁ လမ်း၊ (၁) ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၅၀၄၁၃၁၂။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

ပညာရေးအလုပ်ပန်းများ ပွင့်လန်းရာမြေများမှ အလှမြင်ကွင်းများ

မော်လမြိုင်ကျွန်းမြို့နယ် မဘောကျေးရွာ သုံးခန်းတွဲ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို သပ်ရပ်ခံ့ညားစွာ ဤသို့တွေ့ခဲ့ရသည်။
ဓာတ်ပုံမှတ်တမ်း-သိန်းမင်းထက်

နေပြည်တော် ဇန်နဝါရီ ၁၇

ဆောင်းဦးနံနက်ခင်း မြူနှင်းတို့ရီဝေနေဆဲ....။ ဒီဇင်ဘာလကုန်ရက်ရောက်မှ အအေးဓာတ်က သိသိသာသာ ပိုလာသည်။ မှုန်ပျပျအလင်းရောင်အောက်တွင် မော်လမြိုင်ကျွန်းမြို့မှာ နှီးထစပင်ရှိသေးသည်။

ဖြည့်ဆည်းလှူဒါန်း

စာရေးသူတို့သတင်းအဖွဲ့မှာ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၇ရက် သွားရောက်ခဲ့သည့် သတင်းခရီးမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲပင် ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံမှတ်တမ်း
သိန်းမင်းထက်

စာမျက်နှာဖွဲ့စည်းမှု
လှဲ့လှဲ့ဝင်း(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကိုယ်တွင်းဇီဝနာရီ၏ သဲလွန်စ ဖော်ပြသည့် ကလာပ်စည်းများ သိပ္ပံပညာရှင်များ စူးစမ်းစေ့င

လူ၏ ဦးနှောက်အတွင်းမှ ငြိမ်နေသော ကလာပ်စည်းများကို မန်ချက်စတာ တက္ကသိုလ်မှ သိပ္ပံပညာရှင်များက စူးစမ်းရာတွင် နေ့အချိန်၌ လှုပ်ရှားမှု မရှိဟု ထင်ရသော ယင်းကလာပ်စည်းများမှာ မူလထင်ထားသည့်အတိုင်း မဟုတ်ဘဲ အထူးလှုပ်ရှားနေသည်ကို တွေ့ရကြောင်း ဆို၏။

အဖြေရှာပေးနိုင်

ကိုယ်တွင်းဇီဝနာရီ ချို့ယွင်းမှုများကြောင့် အိပ်စက်မှု ယိုယွင်းဖောက်ပြန်ခြင်းတို့ကို တိုက်ဖျက်ရန် အထက်ပါ တွေ့ရှိချက်က အဖြေရှာပေးနိုင်သည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

ပြောကြား

ဦးနှောက်၏ ထိုအပိုင်းတွင် အနည်းဆုံး ကလာပ်စည်းနှစ်မျိုး ရှိကြောင်း၊ အခြားကလာပ်စည်းများနှင့် မတူသည့် ဤကလာပ်စည်းများမှာ လှုပ်ရှားလွန်းသဖြင့် ငြိမ်နေသည့်သဏ္ဌာန် သို့မဟုတ် သေနေသည့်သဏ္ဌာန် ပေါက်နေရခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❒

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ
သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ
သတင်းစာကိုယ်စားလှယ်များထံသို့
တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့်
အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။